အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၈၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
သြစတြီးယားသမ္မတကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သြစတြီးယားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာသောမတ်စ် ကလက်စ်တီး ၂၀၀၄ ခုနှစ် ဇူလိုင် ၆ ရက်တွင် ရုတ်တရက်ကွယ်လွန်သွားခြင်းအတွက် သြစတြီးယားသမ္မတနိုင်ငံ အစိုးရထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံအတွင်းအေးချမ်းတည်ငြိမ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်
အခြေခံအဆောက်အအုံများ တိုးမြှင့်တည်ဆောက်ဖွင့်လှစ်ပေးနိုင်
နိုင်ငံတော်၊ ပြည်သူနှင့် ဝန်ထမ်းများပူးပေါင်းဆောင်ရွက်၍ဖွံ့ဖြိုးတိုးတက်

ရန်ကုန် ဇူလိုင် ၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး
တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

ရန်ကုန် ဇူလိုင် ၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေ လိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်ပါသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ လုံးတုံကျေးရွာ၌ ကျင်းပသော တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



အမျိုးသားညီလာခံစုံညီအစည်းအဝေးဆက်လက်ကျင်းပ
အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးဆွေးနွေးအကြံပြု

ရန်ကုန် ဇူလိုင် ၈

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ခုဖြစ်သော နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို အဆိုပါ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက ဆက်လက်ဖတ်ကြား တင်ပြကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ ■

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့အား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး နိုင်ငံတော်၏ဦးဆောင်မှုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ရောက်ရှိရေးအတွက် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းမူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို ယခုနှစ် မေလ ၁၇ ရက်နေ့မှစတင်ကာ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့မှ ညီလာခံကိုယ်စားလှယ်များဖြင့် ကျင်းပခဲ့သည်မှာ အောင်မြင်ခရီးရောက်လျက်ရှိပြီး ယခုအခါ ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် စာတမ်းများကိုပင် ဖတ်ကြားတင်ပြသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ဇူလိုင်လ ၂ ရက်နေ့နှင့် ၃ ရက်နေ့များက နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ဖြည့်ဆည်းပေးနိုင်ရန် ကချင်ပြည်နယ်သို့သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဇူလိုင်လ ၃ ရက်နေ့က ပူတာအိုမြို့ ဖုန်ကန်ရာဇီမြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲအခမ်းအနား၌ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင်–

"ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးတွင် ဝန်ထမ်းများ၊ ဒေသခံပြည်သူများကလည်း နိုင်ငံတော်၏ဦးဆောင်မှုနှင့်အတူ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ ယခုကဲ့သို့ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လူမှုရေးအသင်းအဖွဲ့ဝင်များ အားလုံးကလည်း မိမိတို့၏ အသင်းအဖွဲ့၏ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၏ ပင်မအခြေခံဖြစ်သည့် မိမိဒေသ၊ မိမိရပ်ရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းပါဝင်ကြရန် မှာကြားလိုကြောင်း" ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့ကို အချိတ်အဆက်မိမိ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးရေးစီမံကိန်းကြီးများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုကြောင့် ပြည်နယ်၊ တိုင်း၊ ဒေသအသီးသီးတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့မြင်နေရပြီ ဖြစ်သည်။

၁၉၈၈ ခုနှစ် မတိုင်မီကာလကနှင့် ယနေ့ကာလနှိုင်းယှဉ်ကြည့်လျှင် ဒေသမည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်လာနေသည်ကို မျက်မြင်ကိုယ်တွေ့ မြင်တွေ့ကြရမည်ဖြစ်သည်။ ယင်းသို့အတိုင်းအတာတစ်ခုအထိ တိုးတက်ဖွံ့ဖြိုးစည်ပင်လာခြင်းမှာ ဒေသခံပြည်သူများ၊ ဝန်ထမ်းများ၊ တပ်မတော်နှင့် နိုင်ငံတော်အစိုးရတို့ လက်တွဲညီညီဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဖြစ်သည်။

ဆက်လက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံလိုအပ်ချက်လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားပါက အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ပူတာအိုခရိုင်အပါအဝင် ကချင်ပြည်နယ်သည် ရေမြေသဘာဝ အခြေခံကောင်း အရင်းအမြစ်များ ရှိပြီးဖြစ်ရာ မိမိဒေသ အလျင်အမြန်ဖွံ့ဖြိုးစေရန် နိုင်ငံတော်အပိုင်း၊ ဒေသအာဏာပိုင်များအပိုင်းက လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းမှုအပေါ် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမည့်သူများမှာ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများပင် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေးတွင် နိုင်ငံတော်၏ဦးဆောင်မှုနှင့်အတူ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇူလိုင် ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရှေ့နေချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။



အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးကော်မတီစည်းဝေး ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၈

အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးကော်မတီ(၁/၂၀၀၄)အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဆိုက်ရောက်ခန်းမဆောင် အပေါ်ထပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လှိုင်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ အကောက်ခွန်ဦးစီးဌာနနှင့် တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားသည်။**(အပေါ်ပုံ)** ထို့နောက် တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးဝင်းထွန်းဦးက အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးကော်မတီ ဖွဲ့စည်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြရာ ဝန်ကြီးများက လုပ်ငန်းကော်မတီ အမြန်ဖွဲ့စည်းပြီး ဥပဒေရေးဆွဲရေးကိစ္စများ ဆောင်ရွက်ကြရေး မှာကြားကာ အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၉-၇-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -After Twenty Years (ပထမနှစ် အင်္ဂလိပ်စာအထူးပြု)
၅:၃၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"** (အပိုင်း–၄)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ "ဇနကစွဲဖြင့် အောင်ပွဲဆီသို့ ခြိုးခြံနေထိုင် ကြိုးစားသည်"
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် ရွှေသမက်ဘယ်သူလဲ"** (အပိုင်း–၂)

ပဋ္ဌာန်းနိဿယ ပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံသို့ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ရောက်၍ နှစ်ပေါင်း တစ်ထောင်ကျော်မှ ဖြစ်ထွန်း ပေါ်ပေါက်လာသော ပဋ္ဌာန်းပါဠိတော် နိဿယကို ဘဒ္ဒန္တသြဘာသ(မွှာစရိယ) ဗဟန်းမြို့နယ် ရန်ကုန်ရွှေကြက်ယက် ဆရာတော်ကြီးသည် ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာစေရန် ရည်ရွယ်၍ ဇူလိုင် ၂၇ ရက်၊ ၂၈ ရက်တို့တွင် တောင်ဥက္ကလာပ (၁၃)ရပ်ကွက်၌ ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲကို ဇွန် ၃၀ ရက်က ကျင်းပရာ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်စောဝင်းက မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်သောင်းသို့ အဆိုပြုလွှာများပေးအပ်စဉ်။ (၁၈၀)

ရှေ့ဖုံးမှ

ယနေ့ ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ ဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့်ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေး ရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၅)(KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ (၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ(KNDP)နဂါးအဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ(KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့် ကရင်ပြည်နယ်ဘားအံမြို့နယ်ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ရှမ်းပြည်အမျိုးသားတပ်မတော်၊ ရခိုင်ပြည်နယ် ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ ဟိုမိန်းဒေသသက်သာချောင်ချိရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော်(အေအေ)အဖွဲ့တို့မှညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ ရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင် ရေးအတွက် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် တရားရုံးချုပ်မှ ဦးဉာဏ်ထွန်းက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးဘမြင့်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်လက်မှတ်ထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခ) ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှဦးမြအေး၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၄၄ ရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို အဆိုပါအစုအဖွဲ့မှ ကိုယ်စားလှယ်များက ဆက်လက်ဖတ်ကြားတင်ပြကြသည်။

ရှေးဦးစွာ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ စီမံခန့်ခွဲရေးကဏ္ဍကို အမျိုးသားညီလာခံကိုယ်စားလှယ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးဘမြင့်က စတင်ဖတ်ကြား တင်ပြသည်။

ဆက်လက်၍နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍အသေးစိတ် အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ တရားစီရင်ရေးနှင့် ကျန်ကဏ္ဍအားလုံးကို အမျိုးသားညီလာခံကိုယ်စားလှယ် တရားရုံးချုပ်မှ ဦးဉာဏ်ထွန်းက ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၆ ခုနှစ် ဇူလိုင် ၉ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူး အဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြသော ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အီရတ်မှ ဗြိတိသျှတပ်ဖွဲ့များရုပ်သိမ်းရေး ဗြိတိန်ပြည်သူထက်ဝက်ကျော်က ဆန္ဒမဲပေး

လန်ဒန် ဇူလိုင် ၈

ဗြိတိသျှတပ်ဖွဲ့များ အီရတ်မှရုပ်သိမ်းပေးရန် ဗြိတိန်ပြည်သူ ထက်ဝက်ကျော်က လိုလားကြောင်း၊ ကိုးရာခိုင်နှုန်းက အီရတ်၌ တည်ငြိမ်သောဒီမိုကရေစီရရှိသည့်တိုင်အောင် တပ်များဆက်လက်ထားလိုကြောင်း အင်္ဂါနေ့က ဆန္ဒမဲပေး ထုတ်ပြန်ချက်အရ သိရသည်။

အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ တပ်ချထားသင့်သည်ဟု ယုံကြည်သူ ၅၁ရာခိုင်နှုန်းက အီရတ်မှ ဗြိတိသျှတပ်များ မြန်မြန်ရုပ်သိမ်းသင့်သည်ဟု ဆန္ဒမဲပေးနေချိန်တွင် ၄၂ ရာခိုင်နှုန်းက အချိန်ကြာမြင့်စွာနေရန်လိုလားကြောင်း ဆန္ဒမဲပေးခဲ့သည်ကို လူဦးရေ ထုထပ်ဆုံး မဲဆန္ဒပေးမှုအား တိုင်းမ်သတင်းစာက ကိုးကား ဖော်ပြသည်။

ဗြိတိန်ရှိ အီရတ်နှင့်ပတ်သက်၍ ဆန္ဒထုတ်ဖော်မှုများဆက်လက်ပြုလုပ်လျက်ရှိရာ ဗြိတိသျှပြည်သူတစ်ဝက်ကျော်မှာ အီရတ်ကို အမေရိကန်ဦးဆောင်၍စစ်ပွဲဆင်နွှဲသည်ကိုမှားယွင်းသည်ဟု ဆိုနေချိန်တွင် ၄၀ ရာခိုင်နှုန်းက မှန်သည်ဟုယုံကြည်ထားကြသည်။

အမေရိကန်ဦးဆောင်သော တပ်များက အီရတ်ကြားဖြတ်အစိုးရသို့ အာဏာလွှဲပြောင်း ပေးပြီးနောက် အဆိုပါ မဲဆန္ဒခံယူမှုကိုပြုလုပ်ခဲ့ရာတွင် ဗြိတိသျှများ အီရတ်၌ဆက်နေရမည်လား၊ ထွက်ခွာရမည်လား ဆိုသည်ကို ကြီးမားသော ကွာခြားချက် တစ်ရပ်ဖြစ်ပေါ်စေခဲ့သည်။

ယူဆ

ဗြိတိသျှ အမျိုးသားများက အီရတ်၌ ၎င်းတို့၏တပ်များ ဆက်လက်ထားရှိသင့်သည်ဟု မဲပေးသူမှာ ၅၂ မှ ၄၃ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများက တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသင့်သည်ဟု ထင်မြင်ယူဆသူမှာ ၅၈ မှ ၄၃ ရာခိုင်နှုန်းရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

အမေရိကန်တို့အား အီရတ်အစိုးရ ကူညီနေမှု အီရတ်ပြည်သူများ ဒေါသထွက်လျက်ရှိ

ဘဂ္ဂဒက် ဇူလိုင် ၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ဖြစ်ပွားသော တိုက်ခိုက်မှုများအတွင်း အမေရိကန် မရိန်းတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်။ ၎င်းမရိန်းတပ်ဖွဲ့ဝင်များမှာ ခုခံဆန့်ကျင်မှု ပြင်းထန်သော ရာမဒီမြို့နှင့် ဖော်လူဂျာမြို့တို့ အပါဝင်ဖြစ်သော အယ်လ်အမ်ဘာ ပြည်နယ်အတွင်း လုံခြုံရေးလုပ်ငန်း ဆောင်ရွက်နေသူများဖြစ်ကြောင်း သိရသည်။ မိုဆူးလ်မြို့၌ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ပူးပေါင်းကင်းလှည့်ခဲ့ကြပြီး အမည်မသိအကြမ်းဖက် အဖွဲ့တစ်ဖွဲ့မှ အဖွဲ့ဝင်နှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြသည်။

ဒေါသထွက်

ဖော်လူဂျာမြို့၌ အီရတ်အစိုးရ ၏ သတင်းပေးမှုကြောင့် အမေရိကန်တို့က လေကြောင်းမှ တနင်္လာနေ့က တိုက်ခိုက်ရာ မြေပြင်၌ ချိုင့်ကျင်းကြီးဖြစ်ကာ ကွဲအက်ခဲ့ပြီး အနည်းဆုံး လူ၁၀ဦး သေဆုံးသွားခဲ့ရသည်။ အီ ရတ်ပြည်သူများ အနေဖြင့် အကြမ်းဖက်တိုက်ခိုက်နေသူများကို သည်းခံနိုင်မည် မဟုတ်ကြောင်း၊ တစ်ဦးချင်းစီ ဖော်ထုတ်နှိမ်နင်းရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အီယတ်အလာဝီက ပြောကြားသည်။ ဖော်လူဂျာမြို့၌ လေကြောင်း တိုက်ခိုက်မှုများသည် အာဆူမူဆတ်အယ်လ်ဇာကာဝီ ဦးဆောင်သည့်အဖွဲ့ကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်။အီရတ်ပြည်သူများက ၎င်းတို့၏ အစိုးရသည် အမေရိကန်တို့ကို ကူညီနေသည်ဆိုပြီး ဒေါသထွက်လျက်ရှိကြသည်။ **(စီအင်န်အင်န်)**

ခါလစ်မြို့တွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ချိုင့်ကျင်းကြီးဖြစ်သွားသည့် နေရာအနီး၌ အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေသည်ကို ဇူလိုင်၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြောက်ပိုင်း ခါလစ်မြို့တွင် ကားဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဇူလိုင် ၇

ဘဂ္ဂဒက်မြို့မြောက်ပိုင်း ခါလစ်မြို့၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အမေရိကန်နှင့်အီရတ်တပ်ဖွဲ့ဝင်များက ထိုဗုံးခွဲမှုကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ ပေါက်ကွဲမှုကြောင့်အနည်းဆုံး လူခြောက်ဦးသေဆုံးခဲ့သည်ဟု ဆေးရုံမှ တာဝန်ရှိသူများက ပြောကြားသည်။

ပြီးခဲ့သောတိုက်ခိုက်မှုတစ်ခုအတွင်း သေဆုံးခဲ့ရသူများအတွက် ဒေသခံတို့ဝမ်းနည်းဖွယ်အခမ်းအနားကျင်းပလျက်ရှိရာ နေရာကို ဗုံးဖောက် ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းမျက်မြင် သက်သေများ၏ ပြောကြားချက်အရ သိရသည်။

၎င်းအခမ်းအနားကျင်းပရာနေရာသို့ အသေခံ ဗုံးခွဲသမားများက ၎င်းတို့၏ မော်တော်ယာဉ်ကိုထိုးဖောက်ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

ယနေ့နံနက်စောစောပိုင်းဘဂ္ဂဒက်မြို့လယ်၌ စိန်ပြောင်းကျည်အနည်းဆုံး လေးခု ကျရောက်ပေါက်ကွဲခဲ့သည်။ **(စီအင်န်အင်န်)**

ဘဂ္ဂဒက်ရှိ စစ်ဆေးရေးစခန်း၌ ကန်တပ်ဖွဲ့ဝင်များပစ်ခတ်မှု အီရတ်ကလေးတစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇူလိုင် ၇

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဆေးရေးစခန်းတစ်ခု၌ မော်တော်ယာဉ်တစ်စီးကိုရပ်ခိုင်းရာမှ အမေရိကန်တပ်ဖွဲ့ဝင်များပစ်ခတ်မှုကြောင့် အီရတ်ကလေးငယ်တစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါမော်တော်ယာဉ်အား စစ်ဆေးရေးစခန်း၌ အမေရိကန် တပ်ဖွဲ့ဝင်များကရပ်ခိုင်းကာ ယာဉ်မောင်းသူအား ဆင်းခိုင်းခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်လာချိန်တွင် ယာဉ်မောင်းသူက ကားပေါ်တက်ပြီးစစ်ဆေးရေးစခန်းကို ဖြတ်ကျော်ရန် ကြိုးစားခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဖြစ်ပွား

ယင်းကဲ့သို့ဖြစ်ပွားခဲ့မှုမှာ ပြီးခဲ့သည့် တနင်္လာနေ့က ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။အမေရိကန်စစ်ဘက်ဆိုင်ရာ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်မှာ မိခင်ဖြစ်သူနှင့် ဒဏ်ရာ ရရှိသော ကလေးငယ်ကို ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း၊၎င်းတို့၏ ဖခင်လည်းပါရှိကြောင်းနှင့် ယင်းဖခင်ဖြစ်သူမှာ အထက်ပါဖြစ်ရပ်ဖြစ်ပွားသော မော်တော်ယာဉ်ကို မောင်းနှင်ခဲ့သူဖြစ်ကြောင်းနှင့်ရဲတပ်ဖွဲ့က စုံစမ်းမေးမြန်းလျက်ရှိကြောင်း သိရသည်။

အီရတ်ပြည်သူ အများအပြားက အမေရိကန်တပ်ဖွဲ့ဝင်များ မဆင်မခြင်ပစ်ခတ်မှုကြောင့် အပြစ်မဲ့အီရတ် ပြည်သူအများအပြား သေဆုံးခဲ့ရကြောင်း စွပ်စွဲပြောဆိုလျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

ဘဂ္ဂဒက်မြို့လယ်တွင်အီရတ်လက်နက်ကိုင်များနှင့် တိုက်ခိုက်မှု ဖြစ်ပွားစဉ် နေရာယူရန်ပြေး လွှား နေသော အမေရိကန် တပ်ဖွဲ့ဝင်များ ကို ဇူလိုင် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ တားမြစ်လက်နက်ရှာမတွေ့နိုင်ကြောင်း ဘလဲဝန်ခံ

လန်ဒန် ဇူလိုင် ၇

အစုလိုက်အပြုံလိုက် သေစေနိုင်သည့် အဖျက်စွမ်းအား ကြီးမားသော ဒဗလျူအမ်ဒီလက်နက်များ အီရတ်နိုင်ငံ၌ မည်သည့်အခါမျှ ရှာတွေ့မည်မဟုတ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ်တိုနီ ဘလဲက ယခုအခါ ဝန်ခံလိုက်ပြီဖြစ်သည်။

ပြောင်းလဲ

အမေရိကန်တို့နှင့်အတူ ဗြိတိန်နိုင်ငံသည် အီရတ်နိုင်ငံအပေါ်စစ်ဆင်နွှဲခြင်းကို တရားမျှတမှု ရှိစေရန်အတွက် အီရတ်နိုင်ငံ၌ အဖျက်စွမ်းအား ကြီးမားသော လက်နက်များ အတိုင်းအတာတစ်ခုအထိတွေ့ရှိရမည်ဟုမိမိယုံကြည်ကြောင်း ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲက ကာလကြာရှည်စွာ ရပ်တည်ပြောကြားနေခဲ့သည်။ ယခုအခါ တိုနီဘလဲသည် ထိုကိစ္စအတွက် ဗြိတိန်ပါလီမန်အတွင်း ဖိအားပေးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ဖြေရှင်းနေရလျက်ရှိရာ ၎င်း၏ သဘောထား ပြောင်းလဲလာခဲ့ပြီ ဖြစ်ကြောင်း သိရှိရသည်။

ကာကွယ်

ပါလီမန်အတွင်း တိုနီဘလဲက ဖြေရှင်းပြောကြားရာတွင် လူအမြောက်အမြားသေစေနိုင်သော လက်နက်အစုလိုက်အပြုံလိုက်ကိုအီရတ်နိုင်ငံအတွင်း မတွေ့ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ဒဗလျူအမ်ဒီ လက်နက်များကိုတွေ့ရှိသည်ဖြစ်စေ မတွေ့သည်ဖြစ်စေ ဆက်ဒမ်ဟူစိန်က ခြိမ်းခြောက်ခြင်းဖြစ်ကြောင်းဖြင့် ဆက်လက်ပြောကြားကာ အီရတ်စစ်ပွဲကို တရားမျှတမှုရှိစေရန်ကာကွယ်ပြောကြားလျက်ရှိသည်။ **(စီအင်န်အင်န်)**

အီရတ်သို့ အိန္ဒိယတပ်ဖွဲ့များ စေလွှတ်မည်မဟုတ်

နယူးဒေလီ ဇူလိုင် ၇

အိန္ဒိယနိုင်ငံသည် အီရတ်သို့တပ်ဖွဲ့ဝင်များစေလွှတ်မည်မဟုတ်သော်လည်း အီရတ်ရေနံလုပ်ငန်းမှပုဂ္ဂိုလ်များအား လေ့ကျင့်သင်ကြားပေးမှု အပါအဝင်လူသားချင်းစာနာမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်အကူအညီပေးသွားမည်ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးနက်ဝါဆင်းကပါလီမန်၌အင်္ဂါနေ့က၌ ပြောကြားလိုက်သည်။

အတိုက်အခံပါတီများနှင့် အာဏာရကွန်ကရက်ပါတီကို ထောက်ခံသောကွန်မြူနစ်ပါတီတို့က ဝေဖန်ရှုတ်ချသည့်ကြေညာချက်များ ထွက်ပေါ်လာသောအခါ အီရတ်သို့တပ်ဖွဲ့များမလွှတ်မည့် အိန္ဒိယ၏ဆုံးဖြတ်ချက်ကို မပြင်တော့ကြောင်းပြောကြားပြီး အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်သည့် ပြဿနာမပေါ်ပေါက်တော့ကြောင်း ပြောကြားခဲ့သည်။

ပယ်ချ

ယခင်အိန္ဒိယနိုင်ငံ၏ ဟိန္ဒူအမျိုးသားရေးဝါဒီအစိုးရသည် အီရတ်ကို အမေရိကန်ဦးဆောင်ပြီး ကျူးကျော်တိုက်ခိုက်ခဲ့ခြင်းကို ဆန့်ကျင်ကန့်ကွက်ခဲ့ပြီး ကုလသမဂ္ဂ၏ ရှင်းလင်းတိကျသော အမိန့်အာဏာမရှိဘဲ အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ပေးရန် အမေရိကန်ပြည်ထောင်စု၏ တောင်းဆိုချက်ကို ပယ်ချခဲ့သည်။ **(အင်တာနက်)**

ပြင်သစ်က အီရတ်နှင့် သံတမန်ဆက်ဆံရေး ပြန်လုပ်မည် သို့သော်အီရတ်သို့ မည်သည့်တပ်ဖွဲ့ဝင်မျှ စေလွှတ်မည်မဟုတ်

အေသင် ဇူလိုင် ၇

မိမိတို့နိုင်ငံသည် အီရတ်နိုင်ငံနှင့် မကြာမီအချိန်ကာလအတွင်း သံတမန်ဆက်ဆံရေး ပြန်လည်ပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ဘဂ္ဂဒက်နှင့်ဆက်သွယ်ရန် မိမိတို့အသင့်ရှိနေပြီဖြစ်ကြောင်း ဂရိနိုင်ငံ အေသင်မြို့သို့ အလည်အပတ်ရောက်ရှိနေသော ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မီရေးလ်ဘာနီရာက အေသင်မြို့တွင် အင်္ဂါနေ့က အတည်ပြုပြောကြားသည်။

ဇွန် ၂၈ရက်က ဘဂ္ဂဒက်တွင် အုပ်ချုပ်ရေးလွှဲပြောင်းခဲ့ပြီးနောက် မိမိတို့အနေဖြင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း မိမိကြေညာခဲ့ခြင်းဖြစ်သည်ဟု ဂရိနိုင်ငံခြားရေးဝန်ကြီး ပီထရို့စ်မိုလ်ဗီရာတစ်နှင့် တွေ့ဆုံဆွေးနွေးအပြီး သတင်းထောက်များအား ဂရိနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံအနေဖြင့် အီရတ်နိုင်ငံကို နည်းပညာဆိုင်ရာများတွင် အကူအညီပေးမည်ဖြစ်သော်လည်း အီရတ်သို့ မည်သည့်ပြင်သစ်တပ်ဖွဲ့ဝင်မျှ စေလွှတ်မည်မဟုတ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ထပ်လောင်းအတည်ပြု ပြောကြားသည်။ ပြင်သစ်နှင့် ဂရိနိုင်ငံခြားရေးဝန်ကြီးနှစ်ဦးတို့သည် အရှေ့အလယ်ပိုင်းကိစ္စ၊ ဘောလ်တန်နှင့် ဆိုက်ပရပ်စ်အရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဇူလိုင် ၇ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၈၆၇ ဦးရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၇

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ်လ ထဲ၌ စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။

ကြေညာ

၂၀၀၄ ခုနှစ် ဇူလိုင် ၇ရက် ဗုဒ္ဓဟူးနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၆၇ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၆၄၅ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၂၂ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။

သေဆုံး

ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၅၉ဦး၊ အီတလီ ၁၈ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန်ခြောက်ဦးစီ၊ ယူကရိန်း လေးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လက်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟု ဆိုသည်။

သမ္မတဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၇၂၈ဦးဖြစ်ပြီး ယင်းအနက် ၅၃၆ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၁၉၃ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**



မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာ လေးစားကြရန် မလေးရှားဝန်ကြီးချုပ် ပြောကြား

ကွာလာလမ်ပူ ဇူလိုင် ၇

နိုင်ငံတကာဆိုင်ရာစနစ်ကို ဖန်တီးသော နိုင်ငံများအားလုံး၏ အချုပ်အခြာအာဏာကိုလေးစားရန်မှာ အလွန်အရေးတကြီးလိုအပ်ချက်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ပြောကြားလိုက်သည်။

ပြောကြား

နိုင်ငံပေါင်းစုံဝါဒကို တစ်ကမ္ဘာလုံးက အတည်ပြုလက်ခံခြင်းသည်သာ နိုင်ငံတကာဆိုင်ရာစနစ်ကို မပျက်စီးစေနိုင်ကြောင်း ပူထရာဂျာယာ၌ဖွင့်လှစ်သည့် မလေးရှားမစ်ရှင်အဖွဲ့ အကြီးအကဲများ ညီလာခံ၌ အဗ္ဗဒူလာက ပြောကြားလိုက်သည်။

ပေးရမည်

ယင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရန် လုပ်ပိုင်ခွင့်ပေးရမည်သာမက နိုင်ငံအချုပ်အခြာအာဏာနှင့် နိုင်ငံအားလုံး နယ်မြေပေါင်းစည်းမှုကို အာမခံနိုင်သည့် အဖွဲ့အစည်းဖြစ်ရမည်ဟု ဝန်ကြီးချုပ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဒဏ်ရာရ

ဘဂ္ဂဒက်မြို့တွင် စိန်ပြောင်းကျည်ထိမှန်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦးအား မိသားစုဝင်များက ဝမ်းနည်းကြေကွဲစွာ ကြည့်ရှုနေသည်ကို ဇူလိုင် ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကယ်ကွတ်အနီးဓာတ်ငွေ့ပိုက်လိုင်းဖောက်ခွဲတိုက်ခိုက်ခံရ အီရတ်ပြည်တွင်းသုံး ဓာတ်ငွေ့ထုတ်လုပ်မှု ထိခိုက်

ကယ်ကွတ် ဇူလိုင် ၇

ကယ်ကွတ်ရေနံမြို့တော်အနီး၌ အီရတ်အလယ်ပိုင်းနှင့် မြောက်ပိုင်းရှိ လျှပ်စစ်ဓာတ်အားစက်ရုံများသို့ ပေးပို့နေသောဓာတ်ငွေ့ပိုက်လိုင်း ဖောက်ခွဲတိုက်ခိုက်ခြင်းခံရသဖြင့် စွမ်းအင်အရာရှိများက လျှပ်စစ်ဓာတ်အားပေးပို့မှု ပိုမိုလျော့ကျမည်ဖြစ်ကြောင်း သတိပေး ပြောကြားလိုက်သည်။

စကယ်ကွတ်တောင်ဘက် ၅၅ မိုင်ခန့်တွင် ဖောက်ခွဲရေးပစ္စည်းပေါက်ကွဲပြီး ဓာတ်ငွေ့ပိုက်လိုင်း မီးလောင်ခဲ့ကြောင်း နော့သင်းဓာတ်ငွေ့ကုမ္ပဏီအကြီးအကဲ ဟူနာဟက်ဆန်က ပြောကြားသည်။

ပေးပို့နေ

အဆိုပါ မဟာဗျူဟာကျသော ဓာတ်ငွေ့ပိုက်လိုင်းသည် အီရတ်နိုင်ငံမြောက်ပိုင်းရှိ လျှပ်စစ်ဓာတ်အားစက်ရုံများသို့ ဓာတ်ငွေ့ပေးပို့နေသော ပိုက်လိုင်းဖြစ်သည့်ပြင် ဘဂ္ဂဒက်မြောက်ဘက် တာဂျီမြို့ရှိ ဓာတ်ငွေ့ဘူးစက်ရုံသို့လည်း ဓာတ်ငွေ့များပို့သော ပိုက်လိုင်းဖြစ်သည်။

ထိခိုက်

ယင်းသို့ ဓာတ်ငွေ့ပိုက်လိုင်း ဖောက်ခွဲခြင်းခံရသဖြင့် နိုင်ငံအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ပြည်တွင်းသုံး ဓာတ်ငွေ့ထုတ်လုပ်မှု ထိခိုက်နိုင်စရာရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကျဆင်း

မီးမှာ လောင်နေဆဲဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ထိခိုက်စရာရှိကြောင်း အီရတ်မြောက်ပိုင်းဆိုင်ရာ လျှပ်စစ်ဓာတ်အားဌာနအကြီးအကဲ ဆာဘာချာကာက ပြောကြားသည်။ ထိုဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှု မဖြစ်ခင် နာရီပိုင်း၌ ဝန်ကြီးချုပ် အလာဝီက လွှန်ခဲ့သည့်သုံးရက်တွင် အီရတ်နိုင်ငံ၏ လောင်စာဆီထရပ်ကားများနှင့် ပိုက်လိုင်းများအား ပြောက်ကျားများက တိုက်ခိုက်မှုကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အကြီးအကျယ် ကျဆင်းခဲ့ကြောင်း ပြောကြားခဲ့သည်။

(အင်တာနက်)

စီးနင်းရှာဖွေ

ဘဂ္ဂဒက်မြို့တွင် တစ်အိမ်တက်ဆင်း စီးနင်းရှာဖွေမှုများပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များက အိမ်တစ်အိမ်၏တံခါးကို အဓမ္မ ဝင်ရောက်ရန်ကြိုးစားနေသည်ကို ဇူလိုင် ၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ရှိ ကန်အရပ်ဘက် လုပ်ငန်းများရှိရာ နိုင်ငံစုံနယ်မြေကို စိန်ပြောင်းဖြင့်တိုက်ခိုက်

ဘဂ္ဂဒက် ဇူလိုင် ၇

အီရတ်နိုင်ငံ၌ တိုက်ခိုက်သူများက အီရတ်ကြားဖြတ်အစိုးရ ဝန်ကြီးချုပ်ရုံးခန်းနှင့်နေအိမ်ကို ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိသည်။ ယင်းသည် ဇာကာဝီနှင့် ဆက်စပ်လျက်ရှိသော အဖွဲ့များနှင့် အခြားပြည်ပတိုက်ခိုက်ရေးအဖွဲ့က ဝန်ကြီးချုပ်အားပစ်မှတ်ထားနေပြီး ဘဂ္ဂဒက်မြို့တစ်ဝိုက်တွင် စိန်ပြောင်းများ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်။

ကြားဖြတ်ဝန်ကြီးချုပ်ဦးဆောင်သော ပါတီ၏ဌာနချုပ်အနီး စိန်ပြောင်းကျည်နှစ်လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး ဝန်ကြီးချုပ်၏နေအိမ်သည် ပါတီရုံးခန်းအနီး၌ဖြစ်ကြောင်း သိရသည်။ ထိုပေါက်ကွဲမှုကြောင့် လူခြောက်ဦး ထိခိုက်ဒဏ်ရာရရှိပြီး ယခင်က အစိမ်းရောင်နယ်မြေဟုခေါ်ပြီး ယခုအခါ နိုင်ငံစုံနယ်မြေဟုခေါ်သောနေရာကို စိန်ပြောင်းကျည်နှစ်လုံးဖြင့် ပစ်ခတ်ခဲ့သည်။ ထိုနေရာသည် အမေရိကန်အရပ်ဘက်လုပ်ငန်းများ လုပ်ဆောင်ရာဌာနချုပ်၊ သံရုံးများရှိခြင်းကြောင့် ပစ်မှတ်ထားတိုက်ခိုက်ခြင်းခံနေရခြင်းဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ရှေ့နိုင်ငံဂျာနယ်အတွဲ(၃)၊အမှတ်(၆)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနက ထုတ်ဝေသည့် ရှေ့နိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၆)ကို ထုတ်ဝေ ဖြန့်ချိထားသည်။

(ယာပုံ)

အဆိုပါဂျာနယ်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲအခမ်းအနား တက်ရောက်သည့်သတင်း၊ တက္ကသိုလ်မြတ်သူ၏ အဘယ်ကြောင့်လူငယ်၊ ချစ်နိုင် (စိတ်ပညာ)၏ မိုင်းဆတ်–တာချီလိတ်ခရီး၊ မောင်ဆုရှင်၏ ဟင်းစားပေးခြင်းနှင့် ကွန်ချက်ပြခြင်း၊ ကြည်လင်း(ဆေး)၏နီကိုတင်း၏ ဆင်းရဲတွင်း၊ စန်းနီလာဝင်း၏ လုပ်ငန်းအောင်မြင်ခြင်း၏ သော့ချက်များ၊ မောင်မောင်စိုးသက်၏ ဂုံညင်းတန်း သို့မဟုတ် အလင်းတန်းရွာ၊ ဓာတ်ပုံမောင်မောင်၏ ဓီဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲခြင်း၊ စိမ်းမြရည်(ပြန်/ဆက်)၏ အောင်မြင်မှုအတွက် အလိုအပ်ဆုံးအရာ၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၏ သူတို့စကားဝိုင်း၊ ဆင်ဖြူကျွန်းမြင့်သိန်း၏ ပညာမြင့်မှ လူမျိုးတင့်မည်၊ ပြည်နယ်၊ တိုင်း၊ ခရိုင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်မှု သတင်းများ၊ နိုင်ငံတကာဖြစ်ရပ်များ ဝေဝေဆာဆာဖော်ပြပါရှိသည်။ **(က–ပ)**

* *ကျောဖုံးမှ*

ကော်မရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီဝင်များက ပြည်ထောင်စုခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

တွေ့ဆုံမေးမြန်း

ထို့နောက် ဧည့်သည်အမေရိကန်ပြည်ထောင်စုမှ ပညာရှင်အဖွဲ့ဝင်များသည် ပြည်ထောင်စုခန်းမအတွင်းနှင့် ခန်းမရှေ့တို့၌ အမှတ်တရ ဓာတ်ပုံရိုက်ကြပြီး ဧည့်သည်အမေရိကန် ပြည်ထောင်စုမှ ပညာရှင်အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ဝင်းဝင်းကြည်နှင့် အဖွဲ့ဝင် University of Harvard မှ Dr. Jon Abdullah Yasin တို့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV-3) က အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားကြသည်။

ယင်းနောက် ဧည့်သည်အမေရိကန်ပြည်ထောင်စုမှ ပညာရှင်အဖွဲ့ဝင်များအား ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာ၌ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က နံနက်စာအချိုပွဲများဖြင့် ဧည့်ခံပြီး ဧည့်သည်အမေရိကန်ပြည်ထောင်စုမှ ပညာရှင်အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ နံနက်၁၀နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

သမဝါယမအသင်းများတိုးတက်အောင်မြင်ရေးဝိုင်းဝန်းဆောင်ရွက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တာဝန်ရှိသူများအားကချင်ပြည်နယ်၌မှာကြား

ရန်ကုန် ဇူလိုင် ၈

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇူလိုင် ၃ ရက်ညနေ ၄နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်သမဝါယမဦးစီးဌာနမှူးရုံးသို့ရောက်ရှိရာ ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပြည်နယ်အထွေထွေစီးပွားရေးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြစ်ကြီးနား၊ ဗန်းမော်၊ ဖားကန့်၊ မိုးကောင်း၊ ဝိုင်းမော်၊ မိုးညှင်း၊ ရွှေကူ၊ မိုးမောက်၊ မန်စီ၊ ပူတာအို၊ မချမ်းဘောမြို့နယ်တို့မှ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးမှူးများ၊ မြို့နယ်အထွေထွေ စီးပွားရေးသမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခြေခံသမဝါယမအသင်းတို့မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရက်ကန်းသမဝါယမအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည်သမဝါယမအသင်းများ တိုးတက်အောင်ဆောင်ရွက်ရေး၊ ထိုသို့တိုးတက်ရေးအတွက်လည်းဝန်ကြီးဌာနမှ ကူညီပေးရေး၊ အသင်းများအောင်မြင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးရေးတို့ကိုမှာကြားပြီး ဝန်ထမ်းများအားအားပေးစကား ပြောကြားသည်။

မှာကြား

ငင်းနောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဇူလိုင် ၆ ရက် ညနေ ၅ နာရီ ၂၀ မိနစ်တွင် မန္တလေးမြို့ ရတနာပူရ မြန်မာ့လက်မှုနှင့်အနုပညာဗိမာန်သို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ရတနာပူရမြန်မာ့လက်မှုနှင့်အနုပညာဗိမာန် အစည်းအဝေးခန်းမ၌တာဝန်ရှိသူများအား လုပ်ငန်းများအောင်မြင်အောင် ဝိုင်းဝန်းလုပ်ဆောင်ကြရေးမှာကြားပြီး တင်ပြချက်များအပေါ်လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမေရိကန်ပြည်ထောင်စု Bergen Community Collage, Yale University မှ ပါမောက္ခ ဒေါ်ဝင်းဝင်းကြည် ဦးဆောင်သော Yale University၊ Columbia University နှင့် New York University တို့မှ ပညာရှင်အဖွဲ့ဝင်များ လာရောက်လေ့လာကြစဉ်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့်ဖြသဖျော်ဖြေ

ရန်ကုန် ဇူလိုင် ၈

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇ နာရီမှ စတင်၍ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ ညပိုင်းတွင် ဒါရိုက်တာ စင်ရော်မောင်မောင်ရိုက်ကူးပြီး သရုပ်ဆောင်များဖြစ်ကြသည့် ကျော်သူ၊ မေသန်းနု၊ ဝိုင်းနှင့် နွဲ့နွဲ့စန်းတို့ ပါဝင်သရုပ်ဆောင်ထားကြသည့် **"တစ်ပြည်သူ မရှေ့ထား"** ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်သည်။ **(သတင်းစဉ်)**

နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၅ ရက် နံနက်ပိုင်းက လသာမြို့နယ် အမှတ် (၇)ရပ်ကွက် ဓမ္မာရုံတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲဖွင့်ပွဲကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(အောက်ပုံ)

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးစိန်တိုးက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အနာဂတ်နှင့် လူငယ်တာဝန်၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွဲ့စည်းထူထောင်ရေးအကြောင်း ဟောပြောပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးတင့်အောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ နေ့လယ်ပိုင်းတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ခရိုင်ပြန်/ဆက်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ဆုချီးမြှင့်ပွဲ မြဝတီ၌ကျင်းပ

ရန်ကုန် ဇူလိုင် ၈

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ကဗျာ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ ရက် နံနက် ၈ နာရီတွင် မြဝတီမြို့ သောင်ရင်းခန်းမ၌ကျင်းပရာ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦး၊ ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ ၃၀၀ ခန့် တက်ရောက်သည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါး၏ ဆိုးကျိုးနှင့်ပတ်သက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်မြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးလှပိုတို့က အကျယ်တဝင့် ရှင်းလင်းပြောကြားကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)



မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၈ရက်
(ဥပုသ်နေ့)
၉–၇–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈:၀၀	၆။	ကြေးမုံရိပ်သွင် တေးနယ်ဉ်
၈:၁၀	၇။	အကပြိုင်ပွဲ
၈:၂၀	၈။	ရှမ်းပြည်နယ်(အရှေ့ပိုင်း) နမ့်မွေတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	English for Everyday Use

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Demonstration Exercise for Correct Pronunciation
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၁၇:၁၅	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀	၇။	နည်းစနစ်မှန်မှန်အားကစားအခြေခံ
၁၇:၄၀	၈။	သင်ပုန်းရေလှောင်တမံ (မန္တလေးတိုင်း)
၁၇:၅၀	၉။	မြန်မာစာ မြန်မာစကား
၁၈:၀၀	၁၀။	တေးဂီတအစီအစဉ်
၁၈:၁၀	၁၁။	Discovery
၁၈:၂၀	၁၂။	နှောင်းခေတ်တေးပဒေသာ
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း–၃၈)
၁၉:၃၀	၁၆။	အမျိုးသမီးများ အားကစားစွမ်းရည်ပြပွဲ
၁၉:၄၀	၁၇။	ကျေးလက်ဒေသတစ်ခွင်အလှဆင်
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	မြန်မာဗီဒီယိုဇာတ်လမ်း **"ရင်ခုန်ရဲတိုက်"** (အပိုင်း–၂) ဒွေး၊ အိန္ဒြာကျော်ဇင် ဒါရိုက်တာ–ကိုဇော်(အရုဏ်ဦး)
	၂၂။	မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်

ကျေးလက်ဒေသရေရရှိရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး



ရေရရှိရေးလုပ်ငန်းများဆောင်ရွက်မှု

စဉ်	အမျိုးအမည်	ရေရရှိ ကျေးရွာ	ရေရရှိရေး လုပ်ငန်းပေါင်း
၁။	စည်ပင်သာယာရေးရန်ပုံငွေ	၃၅၃၄	၄၇၃၄
၂။	ပြည်တွင်းအလှူရှင်	၁၀၂၇	၁၁၅၁
၃။	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း	၁၈၀	၉၃၇
၄။	ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့	၈၄	၄၁၆
၅။	အာရှဂျပန်ပေါင်းကူးအဖွဲ့နှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ	၇၁	၇၄
၆။	သီးခြားထောက်ပံ့ငွေ	၁၁	၁၁
	စုစုပေါင်း	၄၉၀၇	၇၃၂၃

မကွေးတိုင်း မြိုင်မြို့နယ် စည်ပင်သာယာအဖွဲ့က သဲကျွန်းကျေးရွာ၌ နှစ်လက်မစက်ရေတွင်းတူးဖော်နေမှုကို ဤသို့ဆောင်ရွက်ခဲ့ကြသည်။
ဓာတ်ပုံမှတ်တမ်း(မြို့နယ် ပြန်/ဆက်)

ကျေးလက် ရေရရှိရေး အတွက် စည်ပင်သာယာရေး အဖွဲ့က တူးဖော်ပေးထားသည့် ညောင်ဦးမြို့နယ် ကောင်းပင်စီ ကျေးရွာ စက်ရေတွင်းဖွင့်ပွဲတွင် ကျေးရွာသူ ကျေးရွာသားများ တပျော်တပါး ရေသယ်ယူနေ ကြစဉ်။ (ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

ရေရရှိရေးဆောင်ရွက်လျက်ရှိသည့်ကျေးရွာများ

ပြည်နယ်/တိုင်းရှိ ကျေးရွာပေါင်း	ရေခက်ခဲသော ကျေးရွာ	ရေမလုံလောက်သော ကျေးရွာ	သန့်ရှင်းရေမရသည့် ကျေးရွာ
၃၆၂၀၈	၃၄၄	၅၄၈၉	၉၃၅၀

သီရိပျံချီ ဗိုလ်မှူးကြီးကြည်ဟန် (ငြိမ်း) (မော်ကွန်းဝင် ဒုတိယဆင့်၊ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်)နှင့်ဇနီးဒေါ်လှရင်၏ သားများဖြစ်ကြ သော ဂေါက်သီးချန်ပီယံ ချမ်းဟန်၊ ကြည်လှ ဟန်၊ အောင်လှဟန်နှင့်သမီး၊ မြေးများက မိတ္ထီလာမြို့ အနောက်ဘက် ၁၇ မိုင်ကွာ ရေဝေ ကျေးရွာ ရေဝေအထကကျောင်းခွဲတွင် အလှူရှင် စက်ရေတွင်းကို ဤသို့လှူဒါန်းခဲ့ကြသည်။ (၄၁၄)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့်ကုန်းသာကျေးရွာ စက်ရေတွင်း ဂါလန်၁၅၀၀ဆံ့ ရေလှောင် ကန်မှ ကျေးလက်ပြည်သူများ ရေထုတ် ယူသုံးစွဲနိုင်အောင် ဤသို့ဆောင်ရွက်ပေး ခဲ့သည်။ (၃၀၆)

မန္တလေးတိုင်း တံတားဦးမြို့နယ် သဲမောင်းကန်ကျေးရွာ အလှူရှင်စက်ရေတွင်းဖွင့်ပွဲနေ့က စက်ရေတွင်းမှ ရေများကို ရွာသူ ရွာသားများ ဤသို့ သယ်ယူခဲ့ကြသည်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။ (ထပဆ)

● **ရှေ့ဖုံးမှ**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင်၄ရက်နံနက်ပိုင်းတွင်မြစ်ကြီးနားမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ ကချင်ပြည်နယ် မိုးညှင်းမြို့သို့ နံနက် ၈နာရီ ၄၅မိနစ်တွင် ရောက်ရှိကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား မိုးညှင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားတိုင်းရင်းသူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်းက မိုးညှင်းမြို့နယ်အတွက် လက်ဆောင်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်သို့လည်းကောင်း၊ အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူးဒေါ်သင်မိုးအေးသို့လည်းကောင်း ပေးအပ်သည်။ ယင်းနောက် မိုးညှင်းမြို့နယ် ပညာရေးမှူး ဒေါ်သင်မိုးအေးက မိုးညှင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်မှုရာခိုင်နှုန်း၊ ပညာရေးမြှင့်တင်မှုအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ပံ့ပိုးဖြည့်ဆည်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် မိုးညှင်းမြို့သို့ မိမိနှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ယခုရောက်ရှိလာခြင်းမှာ မိုးညှင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို အားပေးမြှင့်တင်ရန်နှင့်လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရန် ရောက်ရှိလာကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးကို ဦးစွာဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်လျက်ရှိပြီး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေမှုများကို တွေ့မြင်နေရမှာဖြစ်ကြောင်း။

ယင်းကဲ့သို့ စီးပွားရေးဖွံ့ဖြိုးမှုအရှိန်ရရှိလာခြင်းနှင့်အတူ နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံး၌ စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကကျသော ရေရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အခြေခံအဆောက်အအုံများဖြစ်သော လမ်းတံတားများ၊ လေယာဉ်ကွင်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မှုများကိုမည်သည့် ခေတ်ကာလကနှင့်မျှ မတူအောင် တိုးမြှင့်တည်ဆောက်ဖွင့်လှစ် ပေးခဲ့သည်မှာ သိသာထင်ရှားစွာ တွေ့မြင်ကြရမှာဖြစ်ကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းမှာလည်း နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအပါအဝင် မှန်ကန်သောဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ကြောင်း၊ စိုက်ပျိုးရေး ဖြစ်ထွန်းမှုအတွက်မရှိမဖြစ်လိုအပ်သော ရေရရှိရေးအတွက် ဆည်၊ မြောင်း၊ တာတမံ၊ မြစ်ရေတင်စီမံကိန်းအပါအဝင် နည်းလမ်းမျိုးစုံ အသုံးပြုနိုင်အောင် ငွေကြေးအမြောက်အမြားကျခံသုံးစွဲနေခြင်း ဖြစ်ကြောင်း။

မိုးညှင်းမြို့နယ်အတွက်ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မိုးညှင်းမြို့နယ်အတွက် လက်ဆောင်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်အား ပေးအပ်စဉ်။ (ထပဆ)

လက်ဆောင်ပစ္စည်းပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း လုံးတုံကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲအတွက် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်စဉ်။ (ထပဆ)

လမ်း၊ တံတားများ တိုးချဲ့ဖောက်လုပ်ပေးနေခြင်းမှာလည်း မိုးညှင်းဒေသအပါအဝင် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်နေသည်ကို မြင်တွေ့နေရမှာဖြစ်ကြောင်း။

ထိတွေ့ခံစား

လူမှုရေးကဏ္ဍတွင် လူ့အရင်းအမြစ် ဖွံ့ဖြိုးနေသော ပညာရေးအဆောက်အအုံများ တည်ဆောက်ပေးမှု၊ ခေတ်မီသော သင်ကြားမှုနှင့် သင်ယူမှုများ ဆောင်ရွက်ပေးနေခြင်းနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက်ပညာပေးခြင်း၊ ကာကွယ်ခြင်း၊ ကုသခြင်းနှင့်ဆိုင်သော ဆေးရုံ၊ ဆေးခန်းအသစ်များ ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တိုင်းရင်းသားအားလုံး ထိတွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အတွင်း

နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်း ဒွန်ဘန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွက် ရောင်စုံ ရုပ်မြင်သံကြားစက်နှင့် ကျောင်းသုံး ဗလာစာအုပ် များကို ကျောင်း အုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (ထပဆ)

အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနေရာ အရှိန်အဟုန်ရရှိနေပြီ
စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တနိုင်းမြို့ ဟူးကောင်းခန်းမတွင်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ထပဆ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မိုးညှင်း ဒီဂရီကောလိပ်မှ ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (ထပဆ)

တည်ငြိမ်အေးချမ်းမှုရှိ၍ စီးပွားရေးဘဝ မြင့်မားနေမှု၊ ပညာသင်ယူမှု အခွင့်အလမ်းများ တိုးတက်နေမှု၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကောင်းမွန်နေမှု၊ သွားရေး လာရေး ချောမွေ့အဆင်ပြေနေမှုစသည့်အခွင့်အလမ်းများ ရရှိနေပြီဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာခြင်းမှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်ဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် တက်ညီလက်ညီလက်တွဲ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း။

ပူးပေါင်းပါဝင်

အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ်ကြိုးပမ်းတည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို အောင်မြင်စွာကျင်းပနေရာ အရှိန်အဟုန်ရရှိနေပြီ ဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန်လိုကြောင်း။

တည်ဆောက်ဖွင့်လှစ်

မိုးညှင်းဒေသသည် ပညာရေး အခြေခံကောင်းများရရှိနေသည်နှင့်အညီ ကျောင်းသား ကျောင်းသူများအား ယခုထက် ပိုမိုထူးချွန်ထက်မြက်သည့် လူ့စွမ်းအား အရင်းအမြစ်များအဖြစ်ပေါ်ထွန်းလာစေရန်၊ မိဘဆရာ ကျောင်းသားပူးပေါင်း၍ ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း၊နိုင်ငံတော်အစိုးရအနေဖြင့် မိုးညှင်းဒေသတွင် ကျောင်းသား ကျောင်းသူများအဆင့်မြင့် ပညာသင်ကြားနိုင်ရေး ရည်ရွယ်ကာ မိုးညှင်းဒီဂရီကောလိပ်၊ စက်မှုလက်မှုသိပ္ပံ(မိုးညှင်း)တို့ကိုတည်ဆောက်ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်လူရွယ်များကို ထူးချွန်ထက်မြက်သည့် နိုင်ငံ့အကျိုးပြုလူရည်မွန်များဖြစ်လာအောင်နိုင်ငံတော်ကို အလုပ်အကျွေးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင်နှင့် ပညာရေးမျှော်မှန်းချက်များ အကောင်အထည် ပေါ်လာအောင် ပူးပေါင်း ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ထူးချွန်ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကို မြို့နယ်ပညာရေးမှူး ဒေါ်သင်မိုးအေးထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မိုးညှင်းဒီဂရီကောလိပ်နှင့် စက်မှုလက်မှု သိပ္ပံ (မိုးညှင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားခရိုင် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသရှိ လုံးတုံကျေးရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များအား လုံးတုံကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲခန်းမ၌ လုံးတုံကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက ကျေးရွာအုပ်စု၏ တည်နေရာ၊အကျယ်အဝန်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊လမ်းပန်းဆက်သွယ်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က အင်းတော်ကြီးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးထားမှုအခြေအနေတို့ကို ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လုံးတုံကျေးရွာအုပ်စုအတွက် လက်ဆောင်ပစ္စည်းများကို ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းသို့လည်းကောင်း၊ လုံးတုံအခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ရောင်စုံရုပ်မြင်သံကြားစက်ကို ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းသို့လည်းကောင်းပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သော လုံးတုံကျေးရွာအုပ်စုအပါအဝင် အင်းတော်ကြီးဒေသ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာရန်မှာ ဒေသခံပြည်သူများနှင့် ဝန်ထမ်းများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွဲညီညီဆောင်ရွက်သွားရန်နှင့် ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ဟူသော ရည်မှန်းချက် အောင်မြင်ရေးအတွက် ကျောင်းသားကျောင်းသူကလေးတိုင်း စိတ်ဓာတ်ကောင်းရန်၊ စည်းကမ်းလိုက်နာတတ်ရန်၊ ခေတ်မီသိပ္ပံနှင့် နည်းပညာများ တတ်ကျွမ်းနားလည်ရန်အတွက် မိဘဆရာ ကျောင်းသားပူးပေါင်း ဆောင်ရွက်ရမှာဖြစ်ကြောင်း၊တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အမြဲဦးထိပ်ပန်ဆင်ကာ စည်းလုံးညီညွတ်စွာဖြင့် ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်တိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားခရိုင် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာသို့ရောက်ရှိကြရာ ဌာနဆိုင်ရာများနှင့်ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များအား ဒွန်ဘန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ဖားကန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက ဖားကန့်မြို့နယ်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ဖားကန့်မြို့နယ် ပညာရေးမှူး ဒေါ်ခင်ဝင်းမာက မြို့နယ်၏ပညာရည်မြင့်မားရေးဆိုင်ရာဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းကိုအခြေခံပညာအထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ လဝါးကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်းကို အခြေခံပညာ အလယ်တန်းကျောင်းခွဲအဖြစ်လည်းကောင်း တိုးမြှင့်ပေးနိုင်ရန် ညှိနှိုင်းစီစဉ်ပေးပြီး အမှာစကားပြောကြားရာတွင် ဖားကန့်မြို့နယ်သည် စီးပွားရေးအခြေခံကောင်းရှိပြီး ဖွံ့ဖြိုးတိုးတက်သည့်ဒေသတစ်ခုဖြစ်သော်လည်း နိုင်ငံတော်အစိုးရက ဤဒေသကို ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းချက်ဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခြေခံများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အခါမလပ်ဖြည့်ဆည်း

သို့ဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ မိမိတို့ဒေသပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း ပံ့ပိုးပေးနိုင်သည်များကို အခါမလပ်ဖြည့်ဆည်း ပံ့ပိုးပေးသွားမှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းသားလူမျိုးပေါင်းစုံချစ်ကြည်ရင်းနှီးစွာ အတူတကွလက်တွဲနေထိုင်လာခဲ့ကြကြောင်း။

ယင်းသို့ ချစ်ကြည်ရင်းနှီးစွာ အတူတကွလက်တွဲနေထိုင်လာခဲ့သည့် အစဉ်အလာကောင်းကို မိမိတို့ကလည်း လက်ဆင့်ကမ်းသွားရန်လိုကြောင်း၊ တိုင်းရင်းသားညီအစ်ကို အားလုံး ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ပန်ဆင်ကာ စည်းလုံးခြင်းသည် အင်အားဆိုသည့်စကားနှင့်အညီ ကိုယ့်ဒေသ၊ ကိုယ့်မြို့၊ ကိုယ့်ရွာ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်သွားရန်လိုကြောင်း စသည်ဖြင့် အကျယ်တဝင့်မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဒွန်ဘန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအတွက် ရောင်စုံရုပ်မြင်သံကြားစက်နှင့် ကျောင်းသုံးဗလာစာအုပ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမေလတ်အားလည်းကောင်း၊ဒွန်ဘန်ကျေးရွာအတွက် လက်ဆောင်ပစ္စည်းများကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဂန့်ရိမ်အားလည်းကောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားခရိုင် တနိုင်းမြို့သို့ရောက်ရှိကြရာ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့်တပ်မတော်အရာရှိများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တနိုင်းတပ်နယ်ခန်းမ၌ တပ်နယ်မှအရာရှိ၊စစ်သည်နှင့်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တနိုင်းမြို့ ဟူးကောင်းခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ တနိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က တနိုင်းမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊လူမှုရေး၊စိုက်ပျိုးမွေးမြူရေး၊ ဒေသဝမ်းစာဖူလုံရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည်နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေး၊ နယ်စပ်ဒေသနေပြည်သူများ၏ လူနေမှုဘဝဖူလုံပြည့်စုံရေးဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်ကာ

စာမျက်နှာ ၁၂ ကော်လံ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဖားကန့်မြို့နယ် ဒွန်ဘန် ကျေးရွာ အတွက် လက်ဆောင်ပစ္စည်းများကို ဒွန်ဘန် ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအားပေးအပ်စဉ်။ (ထပဆ)

နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း (၂)

မြန်မာနိုင်ငံဟာ ကမ္ဘာ့မိသားစုဝင်နိုင်ငံဖြစ်တဲ့အတွက် ကမ္ဘာ့ခေတ်ရေစီးကြောင်းနဲ့ ဆက်စပ်ပြောင်းလဲလာတာ ဖြစ်ပါတယ်။ ကမ္ဘာမှာ ဗဟိုကချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စနစ်တွေ ကျဆုံးသွားသလို မြန်မာနိုင်ငံမှာလည်း ဗဟိုကချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စနစ် ကျဆုံးသွားခဲ့ပါတယ်။ တစ်ကမ္ဘာလုံးလိုလို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီကို ဦးတည်ပြောင်းလဲလာတဲ့အတွက် မြန်မာနိုင်ငံဟာလည်း အလားတူပင် ပြောင်းလဲလာခဲ့ပါတယ်။ အခုလိုပြောင်းလဲရာတွင် နိုင်ငံအသီးသီးတို့က ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပြောင်းလဲကြပါတယ်။ မတူညီတဲ့ သမိုင်းကြောင်းနဲ့ လူမှုဘဝတွေအပေါ် အခြေခံပြီး ပြောင်းလဲကြတာ ဖြစ်ပါတယ်။ အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံဟောင်းများ ပြောင်းလဲမှုနဲ့ အာရှက တရုတ်ပြည်ရဲ့ ပြောင်းလဲမှုဟာလည်း လွန်စွာပင် ကွဲပြားခြားနားပါတယ်။ အခုလို ခေတ်စနစ်ပြောင်းလဲရာတွင် အဟောင်းချုပ်ငြိမ်းပြီး အသစ်ဖွားမြင်ရတဲ့ ဝေဒနာကို ကြုံတွေ့ရမြဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံခေါင်းဆောင်တွေအဖို့ ဝေဒနာပြွမ်းတီးမှု အနည်းဆုံးသောလမ်းကို ရွေးချယ်ကြရတာ ဖြစ်ပါတယ်။ ဒါမှသာ ဆိုးကျိုးတွေကင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို မနှေးအမြန် ချီတက်နိုင်မယ် ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာ့လူ့အဖွဲ့အစည်းဟာ ထူးခြားတဲ့ အကွေ့အလှည့်တစ်ခုကို ရောက်ရှိနေတာ ဖြစ်ပါတယ်။ ရှေ့ဆက်သွားရမယ့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နေချိန်ဖြစ်ပါတယ်။ အခုလို တစ်မျိုးသားလုံးအတွက် သေရေးရှင်ရေးတမျှ အရေးကြီးလှတဲ့ ကာလမျိုးမှာ တစ်မျိုးသားလုံး စည်းလုံးညီညွတ်ဖို့လိုပါတယ်။ စိတ်ဝမ်းမကွဲကြဖို့လိုပါတယ်။ ပြည်ပသွေးခွဲမှုတွေကို နားမယောင်ဖို့လိုပါတယ်။ တလောက အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများကို ဖျော်ဖြေတဲ့ မြဝတီအငြိမ့်အစီအစဉ် တီဗွီမှာ လာသွားပါတယ်။ ဒီထဲမှာ လူရွှင်တော်တစ်ဦးသီဆိုခဲ့တဲ့ သဖြန်မှာ **"ညီစေနော် ဒီမော်ကွန်းမှာလ"**ဆိုတဲ့ စာသားလေးဟာ ဒီကနေ့ အလွန်ပင် မှတ်ယူစရာ ဖြစ်ပါတယ်။

ဒီမော်ကွန်းမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေ တညီတညွတ်တည်း ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားကြပါစို့လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းတစ်ရပ်အဖို့ ကြုံတွေ့နေရတဲ့ အခက်အခဲ၊ အကျပ်အတည်းများကို ဥပဒေပြဋ္ဌာန်းပေးလိုက်ရုံနဲ့ မကျော်လွှားနိုင်ပါ။ မဆင်မခြင်စွန့်စားခုန်ပျံကျော်လွှားမှုတွေနဲ့လဲမလွန်မြောက်နိုင်ပါ။ မှန်တဲ့လူ့သမိုင်းဖြစ်ပေါ်တိုးတက်ရေးတရားတွေကို ရှာဖွေတွေ့ရှိပြီး လမ်းကြောင်းမှန်ပေါ်မှာ လျှောက်လှမ်းမှသာ အသစ်ဖွားမြင်ရတဲ့ ဝေဒနာတွေကို လျော့ပါးသက်သာစေပါလိမ့်မယ်လို့ ခေတ်သစ် သိပ္ပံနိုင်ငံရေး ဘောဂဗေဒတရားက ဆိုပါတယ်။

ဒီလူမှုသိပ္ပံတရားနဲ့အညီ အခုလို ဒီမိုကရေစီနိုင်ငံတော်ကို ရှေ့ဆက်သွားရမယ့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ထူထောင်နေချိန်တွင် ဘာကြောင့် အမျိုးသားအင်အားစုအားလုံး စည်းလုံးညီညွတ်စွာ မဆောင်ရွက်နိုင်ပါသလဲ။ ဘာကြောင့် အမျိုးသားအင်အားစုချင်း အပြန်အလှန် သည်းခံခွင့်လွှတ်ပြီး သင့်မြတ်စည်းလုံးရေးကို မကြိုးပမ်းနိုင်ပါသလဲ။ ဘာကြောင့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်အူထုံ့ဆင်း တိုင်းရင်းသားချင်း စိတ်ဝမ်းကွဲပြားမှုတွေဟာ ဘယ်လိုမှ အကျိုးမရှိဘူးဆိုတာတွေကို မဆင်ခြင်နိုင်ပါသလဲ၊ ဘာကြောင့် အမျိုးသားညီလာခံကြီးတွင် အမျိုးသားရေးကံကြမ္မာကို ငြိမ်းချမ်းစွာ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်းမသွားနိုင်ပါသလဲဆိုတဲ့ အဖြေတွေကို ဆန်းစစ်ရင်း ယထာဘူတအမြင်နဲ့ စိတ်ကူးယဉ်အမြင်တို့ရဲ့ ခြားနားမှုကို အရှင်နန္ဒဝံသ(မဟာဝိဇ္ဇာ)ရေးတဲ့ သိပ္ပံဒဿန မြတ်ဗုဒ္ဓစာအုပ်မှာ **"သစ္စာတရားကို ရှာဖွေခြင်း"**ခေါင်းစဉ်နဲ့ အခုလို ဆင်ခြင်ဖွယ်ဖတ်ခဲ့ရပါတယ်။

အောင်မိုးခံ

သစ္စာတရားဆိုသည်မှာ ဖြစ်ရပ်အမှန်ကို အမှန်အတိုင်းသိသော ဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းဖြစ်သည်။ အမှန်ဖြစ်ရပ်များကို ဖြစ်ရပ်မှန်အတိုင်း မသိမူ၍ လွဲမှားစွာသိမြင်ခြင်းသည် မှန်ကန်သော အသိမဟုတ်၊ လွဲမှားသော အသိပင်ဖြစ်သည်။ ထို့ကြောင့် လူတို့၌ လွဲမှားသောအသိနှင့် မှန်ကန်သော အသိဟူ၍ နှစ်မျိုးနှစ်စားခွဲခြားနားလည်နိုင်ပေရာ ဤနေရာတွင် စာဖတ်သူတို့ကို အမှန်တရားရှာဖွေနည်းပညာရပ်အကြောင်းကို သိစေမည်ဖြစ်ပါသည်။ လွဲမှားသောအသိသည် ဖြစ်ရပ်အမှန်ကို အမှန်အတိုင်းမသိရှိဘဲ မိမိ၏ အတ္တနောမတိ စိတ်ဆန္ဒအလိုရမ္မက်အတိုင်း သိချင်သလို သိလိုက်သဖြင့် လွဲမှားသွားရခြင်းဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင် လွဲမှားသော အသိ၌ လွဲမှားခြင်း အကြောင်းအရင်းမှာ မိမိတစ်သီးပုဂ္ဂလ အတ္တကမ္ဘာရှုထောင့်မှ ဘက်လိုက်ငဲ့ကွက်မှုကြောင့် ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချနိုင်ပါသည်။ အဆိုပါ ဘက်လိုက်ငဲ့ကွက်မှုများ၊ အတ္တဗဟိုပြုမှုများကို သန့်စင်ရှုပယ်နိုင်ပါမှ အရာရာကို လွဲမှားစွာသိစေသော တိမ်သလာမြူအမြေးကို စင်ကြယ်အောင် ရှင်းလင်းဆေးကြောနိုင်ပါလိမ့်မည်။ စိတ်ပိုင်းဆိုင်ရာ လွဲမှားစေသော အတ္တဗဟိုပြုပုဂ္ဂလိက အစွန်းရောက်လွန်းသော သဘောထားအမြင်များကို စနစ်ကျသော ပညာသားပါသည့် လေ့ကျင့်မှုများဖြင့် သန့်စင်ရှင်းလင်းနိုင်ပေမည်။ အဆိုပါ အညစ်အကြေး ရှင်းလင်းနိုင်စေသော ကျင့်စဉ်ကို ယင်းအညစ်အကြေးတို့ကို အညစ်အကြေးဟု မှန်စွာသိမြင် နားလည်နိုင်ခြင်းဖြင့် တည်ဆောက်ရမည်သာဟု ဆိုလိုပါသည်။

မြန်မာနိုင်ငံဟာ အဲဒီလိုပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒဂိုဏ်းဂဏစွဲတွေကြောင့် လွတ်လပ်ရေးနှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခမီးလောင်ကျွမ်းမှုဒဏ်ကို တစ်မျိုးသားလုံး ခံလာခဲ့ရပါတယ်။ ဒီကနေ့လို ရာစုနှစ်ဝက်ကျော်ကာလမှာတော့ ဒီအပေါ် သင်ခန်းစာယူဖို့၊ တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးဖို့ အချိန်တန်ပြီ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျင်းပဆဲ အမျိုးသားညီလာခံကြီးတွင် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် အခြေခံမူများ ချမှတ်သွားနေတော့မှာဖြစ်ပါတယ်။ ဇွန်လ ၁၈ရက်နေ့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့ရဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၂/၂၀၀၄ တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က–

"အမျိုးသားညီလာခံ အစည်းအဝေးကျင်းပသည်မှာ ပဉ္စမပတ်ကုန်ဆုံးပြီဖြစ်ကြောင်း၊ သီတင်းပတ်များ တစ်ပတ်ပြီးတစ်ပတ် ကုန်ဆုံးလာသည်နှင့်အမျှ အစည်းအဝေး၏ အရှိန်အဟုန်သည် ပိုမိုမြင့်မားပြီး အရေးကြီးသည့်အပိုင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး ညီလာခံကိုယ်စားလှယ်များက တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော် လည်းကောင်း မိမိတို့၏ သဘောထားအမြင်များ၊ အကြံပြုချက်များကို အစုအဖွဲ့လိုက် အစည်းအဝေးများတွင် ပွင့်ပွင့်လင်းလင်း ဖတ်ကြား ရှင်းလင်းတင်ပြခဲ့သည်မှာ ရှေ့ဆက်သွားမည့် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အားတက်ဖွယ်ရာ အလေ့အကျင့်ကောင်းများ ဖြစ်ပါကြောင်း၊ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အနက် ယခုကျင်းပနေသည့် အမျိုးသားညီလာခံသည် ပထမဆုံးခြေလှမ်းဖြစ်ပြီး ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက်လည်း အခြေခံအကျဆုံးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အခြေခံရမည့်မူများကို ချမှတ်ပေးမည့် ညီလာခံကြီးဖြစ်ကြောင်း။

"ကိုယ်စားလှယ်အဖွဲ့များထဲတွင် လူထုလူတန်းစားအမျိုးမျိုး၊ တိုင်းရင်းသားအမျိုးမျိုးနှင့်အဖွဲ့အစည်းအမျိုးမျိုးက ပါဝင်ခဲ့ကြသဖြင့် အစည်းအဝေးစတင်စက အမျိုးမျိုးသောရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ၊ ဆန္ဒများဖြင့်တက်ရောက်လာခဲ့ကြခြင်းဖြစ်သော်လည်း ယခုအစည်းအဝေး အချိန်များကြာလာသည်နှင့်အမျှ အမျိုးသားညီလာခံကြီး အောင်မြင်ရမည်ဆိုသည့် တူညီသောရည်မှန်းချက်ဖြင့် အချင်းချင်းတွေ့ဆုံညှိနှိုင်း တိုင်ပင်ဆွေးနွေးပြီး အပြုသဘောဆောင်သည့် အကြံဉာဏ်များ၊ ဆန္ဒများကို တင်ပြလာကြသည်ဖြစ်၍ အလွန်ဝမ်းသာ အားတက်စရာကောင်းကြောင်း" ပြောကြားသွားခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အခုလို ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေး ကူးပြောင်းနေချိန်တွင် အမျိုးသားအင်အားစုအားလုံး တစည်းတလုံးတည်း ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမူဝါဒလမ်းစဉ် (၇)ရပ်ဟာ နိုင်ငံတော်ကို တစ်ခေတ် ပြောင်းနေသော သမိုင်းမော်ကွန်းဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ဇူလိုင် ၂ရက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းပြီး ငွေပဒေသာပင်ကျပ် ၁၄၃၀၀၀ စိုက်ထူပွဲနှင့် သွေးလှူဒါန်းပွဲကို တောင်ဥက္ကလာ အမျိုးသမီးနှင့် ကလေးဆေးရုံတွင်ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါ်မူမူညို၊ အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်နှင့် တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်သီတာအောင်တို့က ကြည့်ရှုအားပေးကြစဉ်။ (၁၉၂)

မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်းစံပြကျေးရွာအုပ်စုတွင် ထွန်းတောက်ကြယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ရီ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေသန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်လှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။
(မြို့နယ် ပြန်/ဆက်)

ဇွန် ၂၇ ရက်က သဃ်္ဃန်းကျွန်းမြို့နယ် ဇဝနရောင်းဝယ်ရေး သမဝါယမအသင်း၏ နှစ်ပတ်လည် အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် အသင်းသားများအား အစုပေါ် အမြတ်ငွေကျပ် ၉၆၈၀ ပေးအပ်ပွဲကို ရပ်ကွက်ရုံးမှာတွင် ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးသောင်းကြည်တို့က အစုပေါ် အမြတ်ငွေများ ပေးအပ်စဉ်။ (က–ပ)

ဓမ္မသာရ ရေမီးဆွမ်း၊ ဆေးအလှူတော်အဖွဲ့ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်း မင်းကွန်းတောင်ရိုးမဟာသံဃိက ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်အဖွဲ့၏ (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီမှစတင်၍ ပုဇွန်တောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်း ဘုရားဖြူကျောင်းတိုက်ရှိ တိုင်းဓမ္မသာရရုံးတွင် ကျင်းပမည်ဖြစ်ရာ တိုင်း၊ မြို့နယ်၊ ကျေးရွာ ဓမ္မသာရအဖွဲ့များနှင့် သီးသန့်အလှူရှင်များ မပျက်မကွက်ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

စာပေနှင့်စာနယ်ဇင်း ဗဟိုဦးစီးအစည်းအဝေးအတွေ့အကြုံရှင်းလင်း

ရန်ကုန် ဇူလိုင် ၈

တတိယအကြိမ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက လသာမြို့နယ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ဦးဗိုလ်နီက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)က အမှာစကားပြောကြားသည်။

ဆက်လက်၍ လသာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်တင် (သီဟညွန့်တင်)က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့ အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။ **(က–ပ)**

စမ်းချောင်းလမ်းတွင် (၁၀)ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၈

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာအလုပ်ပေးတရားတော်မြတ်ကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဇူလိုင် ၁၅ ရက်မှ ၂၄ ရက်အထိ မွန်းတည့် ၁၂ နာရီမှ ညနေ ၅နာရီအထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉၊ ဒုတိယလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဧရာဝတီတိုင်း စိုက်ပျိုးမွေးမြူရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်မှု ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကြည့်ရှုစစ်ဆေး

နွေစပါး၊မိုးစပါးနှင့်နှစ်ရှည်သီးနှံစိုက်ပျိုး၊သားငါးတိုးချဲ့မွေးမြူရန်မှာကြား

ရန်ကုန် ဇူလိုင် ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်းအတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရန် ဇူလိုင် ၆ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားသို့ရောက်ရှိကြရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ် ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဟင်္သာတမြို့နယ် အင်းခဝယ်အုပ်စုရှိ နည်းပညာပေးပြကွက်များတွင် အစေ့ချစိုက်ပျိုးပညာ ပေးနေမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာလာကြပြီး ညောင်တုန်းမြို့နယ်နှင့် ဓနုဖြူမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးနေမှု အခြေအနေများနှင့် မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ကြိုဆိုနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဓနုဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမသို့ ရောက်ရှိရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဓနုဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ တိုင်း၊ခရိုင်၊မြို့နယ်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သိန်းက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးစိုက်ပျိုးရန် လျာထားချက်၊ မြေဧရိယာ တိုးတက်စိုက်ပျိုးနိုင်မှု၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ရည်မှန်းချက်အရ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လူမှုရေး၊ပညာရေး၊ ကျန်းမာရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က နွေစပါး၊ မိုးစပါး တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မူဝါဒလမ်းစဉ်(၇)ရပ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယခုအခါပထမအဆင့်အဖြစ်အမျိုးသားညီလာခံကြီးကိုကျင်းပလျက်ရှိကြောင်း၊ နိုင်ငံတော်ကြီး အလျင်အမြန် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့မှာ အဓိကအရေးပါသော အခြေခံအချက်များပင်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်တစ်ဝန်းလုံး အေးချမ်းသာယာရေးလျက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံအဝန်းစက်မှု ဇုန် ၁၈ ဇုန်တည်ဆောက် ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်က စီမံကိန်းများချမှတ်ပြီး အင်တိုက်အားတိုက် တိုးချဲ့ဆောင်ရွက်ပေးနေကြောင်း ပြောကြားသည်။

ရင်းရင်းနှီးနှီး

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဓနုဖြူမြို့နယ်တွင် ၂၀၀၄-၂၀၀၅ ခုနှစ်၌ မိုးစပါး ၉၃၆၇၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၅၈၇၃၂ ဧက စိုက်ပျိုးနိုင်၍ ၆၂ ဒသမ ၆၉ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

ဓနုဖြူမြို့နယ်သည် ရေမြေသဘာဝအခြေအနေပေးသဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း သီးထပ်၊ သီးညှပ် စိုက်ပျိုးနိုင်မှုကြောင့် သီးထပ်စွမ်းအား ၂၁၂ ဒသမ ၄၈ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့သဖြင့် ဧရာဝတီတိုင်းအတွင်း သီးထပ်စွမ်းအား ဒုတိယအကောင်းဆုံးမြို့နယ်ဖြစ်ကြောင်း သိရသည်။

ဓနုဖြူဆေးရုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဓနုဖြူမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ တိုင်းကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာသန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဆေးရုံအတွင်းရှိ ဓာတ်မှန်ဆောင်၊ ခွဲစိတ်ခန်း၊ အမျိုးသမီး ဖျားနာဆောင်၊ အမျိုးသားဖျားနာဆောင်နှင့် ထိခိုက်ဒဏ်ရာကုသဆောင်တို့ကိုလှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဆေးရုံပတ်ဝန်းကျင်နှင့် ဆေးရုံတွင်း သန့်ရှင်းသပ်ရပ်ရန် ဆောင်ရွက်ကြရေး၊ ဆေးရုံအမိုး မျက်နှာကြက်များ မွမ်းမံပြင်ဆင် ဆောင်ရွက်ရေးတို့ကို မှာကြားကာ တက်ရောက်ကုသနေသည့် လူနာများအား ထောက်ပံ့ငွေများပေးအပ်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မြို့နယ်ဆေးရုံ မျက်နှာကြက်အမိုး ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ဇလွန်ရောက်ရှိ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဇလွန်မြို့သို့ ရောက်ရှိပြီး ဇလွန်မြို့ရှိ သမိုင်းဝင်မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ သစ်သီး၊ ရေချမ်းများ ကပ်လှူပူဇော်ပြီးနောက် ရွှေသင်္ကန်း ကပ်လှူပူဇော်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူတော်ငွေ ကျပ်သုံးသောင်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံ၍ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားပုံတော်အား ပြန်လည်ပေးအပ်သည်။

လမ်းတိုးတက်ပြုပြင်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်းအထူးအဖွဲ့ (၂)က တာဝန်ယူ ဆောင်ရွက်နေသည့် ဟင်္သာတ-ဇလွန်လမ်း မိုင်(၂/၇)မိုင်မှ (၁၅/၁)မိုင်အထိ လမ်းတိုးတက်ပြုပြင်ခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာအင်ဂျင်နီယာမှူး ဦးစိုးတင့်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လမ်းခင်းမှုများကို ယခု မိုးရာသီအတွင်း ကျောက်ချောလမ်းအဆင့် ပြီးစီးအောင်ဆောင်ရွက်ပြီး ပွင့်လင်းရာသီ ရောက်ရှိမှသာ ဟင်္သာတ-ဇလွန်လမ်းပိုင်းကို ကတ္တရာခင်းကျင်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ကတ္တရာလမ်းသစ်

အဆိုပါ ဟင်္သာတ-ဇလွန်လမ်းရှိ (၂/၇)မိုင်မှ (၁၅/၁)မိုင်အတွင်း လမ်းအရှည် ၁၃ မိုင် ခုနစ်ဖာလုံကို ၁၈ ပေအကျယ် ကတ္တရာလမ်းသစ် ပြန်လည်တည်ဆောက်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဟင်္သာတမြို့နယ် အင်းခဝယ်အုပ်စု ဧက ၄၀၀ စံပြကွက်တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက စပါးအထူးပြုစိုက်ပျိုးခြင်းစနစ်(SRI)နှင့် တောင်သူကိုယ့်မျိုးကိုယ်ထား ခေါင်နံ့ မျိုးသန့်စပါးစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာသရုပ်ပြပွဲသို့ရောက်ရှိပြီး တောင်သူများနှင့်တွေ့ဆုံကာ မိုးစပါးစိုက်ပျိုးနိုင်မှုအခြေအနေများနှင့် ပန်းတိုင်အထွက်နှုန်း တိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အင်းခဝယ်အုပ်စု ဧက ၄၀၀ စံပြကွက်ရှိ ကြိုးတန်းဆွဲ တိုက်ရိုက်မျိုးစေ့ချစိုက်ကွက်၊မျိုးစေ့ချကိရိယာဖြင့်မျိုးစေ့ချစိုက်ကွက်၊ စပါးအထူးပြုစိုက်ပျိုးခြင်းစနစ် (ဖျာပျိုးခင်း) ခေါင်နံ့မျိုးသန့်စပါးပျိုးခင်း၊ ပေါင်ဖော်ကြဲခင်း၊ စပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ၊ မျိုးသန့်စိုက်ခင်းများ နည်းပညာပေးပြကွက်များဖြင့် စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းအတွင်း စိုက်ပျိုးသည့် မျိုးစပါး နမူနာများ၊ စပါးတွင်ကျရောက်တတ်သည့် ပိုးမွှားရောဂါများနှင့် ငရုတ်ကောင်း ကိုင်းဖြတ်ပျိုးပင်၊ အစေ့ပျိုးပင်များကို ကြည့်ရှုသည်။

အဆိုပါ တောင်သူကိုယ့်မျိုးကိုယ်ထားခေါင်နံ့မျိုးသန့် စပါးစိုက်ပျိုးထုတ်လုပ်နည်းဖြစ်သည့် ခေါင်နံ့စိုက်စနစ်နည်းပညာကို တောင်သူကိုယ်တိုင်စိုက်ပျိုးချိန် တစ်ရာသီအတွင်း မျိုးသန့်ရွေးချယ် စိုက်ပျိုးစေခြင်းဖြင့် ထာဝစဉ်မျိုးကောင်း မျိုးသန့် မျိုးစေ့ အလုံအလောက်ရရှိလာစေရန် တစ်ဧကတင်း ၁၀၀ ပန်းတိုင် အထွက်နှုန်းရရှိရေး အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်ပညာပေး ဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

ဟင်္သာတ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ဟင်္သာတမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဟင်္သာတမြို့ မြနန္ဒာခန်းမ၌တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံ အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ဟင်္သာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းက မြို့နယ်ဆိုင်ရာအချက်အလက်များ၊ လယ်ယာကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ပြုံးနှင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောင်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

ချစ်လို့လား နှစ်ဖို့လား

☆ မြန်မာ့ကိစ္စ၊ အဝဝနှင့်
မြန်မာ့အကြောင်း၊ သောင်းပြောင်းထွေလာ
သူဝင်ပါသည်
သူဟာမြန်မာချစ်လို့လား။
☆ မြန်မာ့အရေး
ဟိုမေးဒီမေး၊ သူဝင်မေး၍
အရေးတယူ၊ ပြုမူနေတာ
သူဟာမြန်မာချစ်လို့လား။
☆ မြန်မာ့လူ့ဘောင်၊ ထွန်းပြောင်ပြည့်ဝ
ဖွံ့ဖြိုးရအောင်၊ ညီနောင်တစ်သိုက်
စိတ်ကြိုက်တိုင်ပင်၊ ကြည်လင်ရွှင်ပျ
ညှိနှိုင်းကြစဉ်၊ သူဝင်ဖောင်းပေး
မေးဖြေပြုလုပ်၊ လွှင့်ထုတ်နေတာ
သူဟာမြန်မာချစ်လို့လား။
☆ သူဘယ်သူလဲ
☆ သူ့အမြဲပင်၊ ပါဝင်သမျှ
ကိစ္စတိုင်းတွင်၊ အစဉ်ဦးတည်
ရှိခဲ့သည်မှာ၊ ဘယ်အရာလဲ။
☆ သူဝင်ကာမေး
သူဖောင်းပေးတာ၊ ဘယ်အရာလဲ။
☆ စိတ်ဖြာခွဲကာ၊ ကြည့်လိုက်ပါက
သူဟာ မြန်မာချစ်လို့လား။
သူဟာမြန်မာနှစ်ဖို့လား
ကွဲပြားအဖြေတွေ့ပါမည်။ ။

ပျံလွှား

စာမျက်နှာ ၉ မှ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် ဖွံ့ဖြိုးရေးအထူးဒေသများ စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသည် တစ်နိုင်ငံလုံးမျှမျှတတ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ဤဒေသသည်ရေမြေသဘာဝအခြေခံကောင်းမွန်မှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုရှိပြီးဖြစ်သော်လည်း ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အေးချမ်းတည်ငြိမ်နေရန်လိုအပ်ကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် စိတ်ရင်းစေတနာမှန်ဖြင့် စိတ်ရှည်သည်းခံ ဆွေးနွေးညှိနှိုင်းခဲ့သဖြင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့နှင့် အဖွဲ့ခွဲအများအပြား ဥပဒေဘောင်အတွင်းဝင်ရောက်လာကာဒေသဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲပူးပေါင်းဆောင်ရွက်လာကြသည်ကို ဒေသခံပြည်သူများ အသိပင်ဖြစ်ကြောင်း။

စည်းလုံးညီညွတ်

သို့ဖြစ်ရာ ဒေသခံပြည်သူများအားလုံးက ရရှိပြီးသော ငြိမ်းချမ်းရေး အသီးအပွင့်များကို ဆက်လက်ခံစားနိုင်ရန် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်၊ တပ်မတော်၊ ပြည်သူနှင့် ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံအကျိုး၊ ဒေသအကျိုး ပူးပေါင်းသွားကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်းသည်တနိုင်းမြို့နယ်အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်နှင့် ကျောင်းသုံးဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဦးဂေါ်လူးနော်ဘောက်နှင့် တနိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးဖီးလစ်ဒီဆမ်တို့အား ပေးအပ်ပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အရှည် ၉၄၂ ပေရှိ တနိုင်းတံတားကြွခိုင်မှု အခြေအနေ၊ တနိုင်းချောင်း ရေစီးရေလာအခြေအနေ၊ တနိုင်းချောင်းထိန်းသိမ်းရေးနှင့် မြေသားတမံ တည်ဆောက်ရေး အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဖြည့်ဆည်း

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ရှုဒူဇွတ်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးမှု အခြေအနေများကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း၌ မိုးကြီးနိုင်

ရန်ကုန် ဇူလိုင် ၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့၌ နေရာအနှံ့အပြား ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေကြောင်းသိရသည်။

ဇူလိုင် ၉ ရက်ညနေအထိခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကွက်၍မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မှတ်သားဖွယ်မိုးရေချိန်

၈-၇-၂၀၀၄

ကမ္ဘာအေး ၀ဒသမ ၆၃ လက်မ။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဇူလိုင်လအတွက်
(၁၁-၇-၂၀၀၄)ရက်နေ့
နှင့်(၂၅-၇-၂၀၀၄)ရက်နေ့

၂၀၀၄ခုနှစ် ဇူလိုင်လ ၁၁ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

ဝါတွင်းတရားစခန်း

ရန်ကုန် ဇူလိုင် ၈

မြန်အောင်မြို့ လေးမျက်နှာ မဟာစည် သာသနာ့ရိပ်သာကျောင်းတိုက်ကြီးတွင် ဝါတွင်းသုံးလ(၁၀)ရက် တရားစခန်းများကို ဒုတိယဝါဆိုလပြည့်ကျော်၇ရက်မှစ၍တစ်ကြိမ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်တွင် တစ်ကြိမ်၊ တော်သလင်းလပြည့်ကျော် ၇ရက်တစ်ကြိမ် ဆရာတော်ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ စ-အ-ဓမ္မာစရိယ မဟာအဂ္ဂ မဟာကမ္မဋ္ဌာနာစရိယ ဆရာတော်ကိုယ်တိုင်မဟာသတိပဋ္ဌာန် ဝိပဿနာတရား တော်ကို ဟောကြားပသတော်မူမည်ဟုသိရသည်။**(က-ပ)**

မြောင်းမြမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၈

မြောင်းမြမြို့နယ်အသင်း၏စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဦးစော၊ ဒေါ်ဝင်း (ဘီအိုစီ) B.O.C ပိဋကတ်တိုက်ကျောင်းတွင် ကျင်းပမည်ဖြစ်ရာ မြောင်းမြမြို့နယ် အသင်းဝင် မြို့နယ်သူ၊ မြို့နယ်သားများ သင်္ကန်း၊ ဆွမ်း၊ အချိုပွဲနှင့် အလှူငွေများလှူဒါန်းလိုပါက ဦးလှဖေ(အတွင်းရေးမှူး) ဖုန်း-၇၀၅၈၅၈၊ ဦးမြတ်ထိုက် (အတွင်းရေးမှူး)ဖုန်း-၇၀၉၄၁၇၊ဦးဇော်ထွန်း (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၇၀၉၁၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ခန္တီးမြို့ မိုးရေချိန်စံချိန်သစ်

ရန်ကုန် ဇူလိုင် ၈

၂၀၀၄ခုနှစ် ဇူလိုင် ၈ ရက် နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲတွင် ခန္တီးမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၄၂၉မီလီမီတာ (၁၆ဒသမ၈၉လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၃၃နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီမိုးရေချိန်စံချိန်သစ်ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ၃၄၆ မီလီမီတာ(၁၃ဒသမ၆၂လက်မ)ဖြစ်ပြီး ၁၉၈၉ခုနှစ် ဇူလိုင် ၂ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

ဂြိုဟ်သားမိတ်ဆွေ အိန္ဒိယဇာတ်ကားသစ် ရုံတင် မှော်ဝင်ကြိုးနှင့် စတိုင်ဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် ဇူလိုင် ၈

၂၀၀၃ ခုနှစ်အတွက် အကယ်ဒမီငါးဆုရ အိန္ဒိယသိပ္ပံဇာတ်လမ်းအချစ်အက်ရှင် Koi Milgaya ဇာတ်ကားသစ် ဘုရင့်ရုံတွင် ယနေ့ရုံဝင်လာသည်။

Koi Milgaya ဇာတ်ကားမှာ အိန္ဒိယတွင် ပထမဆုံး သိပ္ပံဆန်းကြယ်ဇာတ်ကားဖြစ်ပြီး ဟောလီးဝုဒ်မှအတတ်ပညာရှင်များကို ငှားရမ်းကာ အထူးပြုလုပ်ချက်များစွာဖြင့် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ဇာတ်လမ်းမှာ ဆန်ဂျေးသည် သိပ္ပံပညာရှင်တစ်ဦး ဖြစ်သည်။ စကြဝဠာရှိ ဂြိုဟ်သားကမ္ဘာကို စိတ်ဝင်တစားစူးစမ်းလေ့လာနေသူဖြစ်သည်။ တစ်နေ့ ဆန်ဂျေးနှင့် ဇနီးဆိုနီယာတို့ကားမောင်းပြန်လာစဉ် ဂြိုဟ်သားအာကာသယာဉ် ဆင်းလာသည်ကို မြင်ရပြီး စိတ်လှုပ်ရှားစွာ ကားမောင်းရာမှ ဆန်ဂျေးမှာ ကားမှောက်သေဆုံးသွားပြီး ဇနီးဆိုနီယာမှာလည်း ကျပ်မပြည့်သည့် ရိုဟစ် ဆိုသော သားလေး မွေးလာသည်။

သိပ္ပံဇာတ်ကား

ရိုဟစ်နှင့် ဂြိုဟ်သားတို့တွေ့ဆုံဆက်သွယ်မိရာက ရိုဟစ်ကို စွမ်းပါဝါများ ထည့်ပေးကာ ပုံမှန်ကျပ်ပြည့်လူသားဖြစ်ရန် ကူညီခဲ့မိ၍ ဂြိုဟ်သားကို မြို့တော်ဝန်နှင့် ရဲတို့က သုတေသနဌာနပို့ရန် ဖမ်းဆီးတော့သည်။ လူသားကမ္ဘာရောက်နေသော ဂြိုဟ်သားကို ဂြိုဟ်သားကမ္ဘာပြန်ရောက်ရန် ရိုဟစ်နှင့်အပေါင်းအသင်းများက ကယ်ဆယ်လိုက်နိုင်ပုံများကို စိတ်ဝင်စားဖွယ် ရိုက်ကူးထားသော သိပ္ပံဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။

ချပ်ရှင်သတင်းထောက်

မှော်ဝင်ကြိုးနှင့် စတိုင်

သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ဒါရိုက်တာ မောင်မျိုးမင်း၏ **'မှော်ဝင်ကြိုး'**ဆက်လက်ဖျော်ဖြေနေသည်။ နဝဒေး၊ ရွှေ့ဆောင်နှင့် နေပြည်တော် တို့တွင် လွင်မိုးနှင့် ရာဇာနေဝင်းတို့ ပါဝင်သည့် **'စတိုင်'** ဆက်လက်ပြသနေသည်။

'မာန်ရဲ့ဒဏ်'မှ နေအောင်၊ နဝရတ် နှင့် ဒွေး။

မာန်ရဲ့ဒဏ်

စံပြ၊ ရွှေမန်း၊ သီတာနှင့် မြရတနာရုံများတွင် ဒါရိုက်တာဒွေး၏ **'မာန်ရဲ့ဒဏ်'** ဇာတ်ကား ရုံဝင်လာသည်။ ဒွေး၏ပထမဆုံး ဒါရိုက်တာလက်ရာကို ကျော်ဟိန်း၊ နေအောင်၊ ကျော်သူ၊ သားညီ၊ ဇော်ထူး၊ နဝရတ်၊ မေကဗျာ၊ အောင်ပိုင်၊ အောင်ခိုင်နှင့် လူကြမ်းပေါင်းစုံက ပါဝင်အားဖြည့်ထားသည်။

'မာန်ရဲ့ဒဏ်'တွင် အမှားပေါင်းများစွာ ကျူးလွန်ပြီး အတ္တကြီးသော မွေးစားဖခင် ဦးဘကောင်းနှင့် မွေးစားအဖေကို ဖခင်ရင်းလိုသဘောထားသော ဖိုးသိန်းတို့၏ အားပြိုင်မှုကို ဇာတ်ရှိန်အမြင့်ဆုံးတင်ပြထားသည်။ တစ်ချိန်လုံး မှားခဲ့သော ဦးဘကောင်းနှင့် တစ်ချိန်လုံးမှန်ခဲ့သော ဖိုးသိန်းတို့ နှစ်ယောက် သုသာန်ထဲတွင် တွေ့ကြသော အချိန်သည် ဇာတ်ကားတစ်ခုလုံး၏ အမြင့်ဆုံး အချိန်ဖြစ်သွားသည်။

ရွှေဂုန်ရုံတွင် Indian in the Cupboard ဇာတ်ကားနှင့် မြို့မရုံတွင် Jaanwar ဇာတ်ကား ရုံဝင်လာသည်။ ။ **(မြန်မာ့အလင်း)**



မှော်ဝင်ကြိုး

'မှော်ဝင်ကြိုး'မှ ဟက်ကက်၊ ရာဇာနေဝင်းနှင့် လူမင်း။

ဂြိုဟ်သားမိတ်ဆွေ

'ဂြိုဟ်သားမိတ်ဆွေ' ဇာတ်ကားမှ အကယ်ဒမီနှစ်ဆုရ မင်းသား ရီတိတ်ရိုရှင်း။

အမေ့နို့ဖိုး ရုံတင်မည်

ဒါရိုက်တာ သရုပ်ဆောင်ကျော်သူ၏ 'အမေ့နို့ဖိုး' မကြာမီရုံတင်မည်။ 'အမေ့နို့ဖိုး' တွင် ကျော်သူ၊ ချိုပြုံး၊ မင်းမော်ကွန်း၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်ထားသည်။ မိဘမေတ္တာတရား ကြီးမားပုံနှင့် အမေနှင့်သားသမီးများ၏ မေတ္တာအတိမ်အနက်ကို နက်နက်ရှိုင်းရှိုင်းတင်ပြထားသော မေတ္တာဘွဲ့ဇာတ်ကား ဖြစ်သည်။ ။ (မြန်မာ့အလင်း)

အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ စွမ်းအင်ကပြည်ထဲရေးကိုနိုင်ကာဗိုလ်လုပွဲတက်

သတင်းဆောင်းပါး-ကိုထွေး

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအကြို ဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ ၃ နာရီခွဲတွင် လှုင်ယဉ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ကျင်းပရာ စွမ်းအင်အသင်းက ပြည်ထဲရေးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဦးဆောင်ဂိုး

၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ် (ရှုံးထွက်)ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော စွမ်းအင်အသင်းက ပြည်ထဲရေးအသင်းကို ခြေကုန်ထုတ်ကစားပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပြည်ထဲရေးအသင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို အနိုင်ရရှိသကဲ့သို့ ယခုပွဲတွင်လည်း စွမ်းအင်အသင်းကို ခြေရည်တူကစားပြီးမှ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ စွမ်းအင်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီး၁၇မိနစ်အကြာတွင် ပြည်ထဲရေးအသင်းနောက်တန်းက ဘောလုံးကိုရှင်းထုတ်ရာ မိမိရရမရှိဘဲဖြစ်သွားစဉ် စွမ်းအင်အသင်းမှ မျိုးဇော်ဦးက မနားတမ်းပြေးဝင်ပိတ်သွင်းယူခဲ့သည်။

ချေပဂိုး

ပြည်ထဲရေးအသင်းက နောက်တန်း၏အမှားဖြင့် ဦးဆောင်ဂိုးပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေးအတွက် တိုက်စစ်ဖွင့်ကစားလာခဲ့သည်။ ပွဲချိန်၂၂မိနစ်တွင် ပြည်ထဲရေးအသင်းမှ စည်သူဝင်းကို စွမ်းအင်အသင်းမှ နောက်တန်းလူက ဖျက်ကစားသဖြင့် ပယ်နယ်တီဧရိယာအပြင်ဘက်တွင် အလွတ်တည်ကန်ဘောရရှိခဲ့သည်။ အဆိုပါ အလွတ်တည်ကန်ဘောကို ပြည်ထဲရေးအသင်းမှ တိုက်စစ်မှူး နေသူလိုင်က လူတံတိုင်းကာထားသည့် အပေါ်မှ ကျော်၍ တိုက်ရိုက်ကန်သွင်းရာ လှလှပပဂိုးဝင်သွား၍ ပြည်ထဲရေးအသင်း ချေပဂိုးရရှိခဲ့သည်။

ဒုတိယပိုင်း

စွမ်းအင်အသင်းသည် ယခင်ပွဲများ၌ ကစားကွက်ကောင်းကောင်း၊ အချိတ်အဆက်မိမိဖြင့်ကစားလေ့ရှိသော်လည်း ယနေ့ပွဲတွင် ပြည်ထဲရေးအသင်းက အတင်းဝင်၊ အတင်းဖျက်ကစားနေ၍ ကစားကွက်စိတ်ကြိုက်တည်မရဘဲဖြစ်နေသည်။ ပြည်ထဲရေးအသင်းသည် ဒုတိယပိုင်းတွင် ခံစစ်အားပြုပြီး ရှေ့၌တိုက်စစ်မှူးနေသူလိုင်ကို အထောင်ထားကာ တန်ပြန်တိုက်စစ်ဖြင့်ပြန်လည်ထိုးဖောက်ကစားသွားသည်။ စွမ်းအင်အသင်းသည် ဂိုးထပ်မံရရှိရေးအတွက် ကစားကွက်ဖော်ကစားလာ၍ ပြည်ထဲရေးအသင်းကွင်းဘက်ကိုဖိကစားနိုင်ခဲ့သည်။ စွမ်းအင်အသင်းကဖိကစားနိုင်သော်လည်း တစ်ချီတစ်ချီတွင်ပြည်ထဲရေးအသင်းကတန်ပြန်တိုက်စစ်ဖြင့် ထိုးဖောက်ကစားရာစွမ်းအင်နောက်တန်း ခက်ခက်ခဲခဲကာကွယ်ဟန့်တားခဲ့ရသည်။

နှစ်ဂိုးထပ်သွင်း

စွမ်းအင်အသင်းအတွက် ဒုတိယဂိုးကိုပွဲချိန် ၆၂ မိနစ်တွင်ထောင့်ကန်ဘောမှ တစ်ဆင့် ထွန်းထွန်းအေးက ခေါင်းတိုက်သွင်းယူသည်။ ပြည်ထဲရေးအသင်းဂိုးရှေ့သို့ ဘောလုံးအမြောက်ကျလာစဉ် နောက်တန်းလူများ ဖျက်ထုတ်ရန်နောက်ကျနေသည့်အတွက် ခေါင်းတိုက်ခွင့်ရရှိသွားခြင်းဖြစ်သည်။

စွမ်းအင်အသင်းသည် ဒုတိယဂိုးရရှိပြီး နောက် ဘောလုံးပိုင်ဆိုင်မှုကိုအဓိကထားကာ အခွင့်ရေးရမှသာ ထိုးဖောက်ကစားသွားသည်။ ပြည်ထဲရေးအသင်းကဒုတိယဂိုးအသွင်းခံရပြီးနောက် တိုက်စစ်ဖွင့်၍ကစားလာသော်လည်းစွမ်းအင်အသင်းက ကစားကွက်တည်ငြိမ်ကာ ကွင်းလယ်ကို စိုးမိုးထားနိုင်ခဲ့သည်။ စွမ်းအင်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၈၅မိနစ်တွင် ပြည်ထဲရေးအသင်းပယ်နယ်တီဧရိယာအပြင်ဘက်၌ရရှိသော အလွတ်တည်ကန်ဘောကို ကျော်မျိုးဟန်က ဂိုးရှေ့သို့ကန်ပို့ပေးရာ တိုက်စစ်မှူးနိုင်ဝင်းက ခေါင်းတိုက်သွင်းယူသည်။

အချိန်နှောင်း

ပြည်ထဲရေးအသင်းသည် နှစ်ဂိုးထပ်ပေးလိုက်ရပြီးနောက် တစ်သင်းလုံးရှေ့တက်၍ ဂိုးရရှိရေးကြိုးစားရာ ချေပဂိုးရလုလုအခြေအနေရှိသော်လည်း အချိန်နှောင်းသွားပြီဖြစ်သည်။ ပြည်ထဲရေးအသင်းခေါင်းဆောင်နောက်တန်းလူ ဇော်လင်းထွန်းထိခိုက်ဒဏ်ရာပြင်းထန်စွာ ရရှိသွားသဖြင့် လူစားလဲလိုက်ရသဖြင့်ပြည်ထဲရေးနောက်တန်းအားနည်း သွားခဲ့ရသည်။ ပွဲအပြီးတွင် စွမ်းအင်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင် ရရှိသွားရာ ဗိုလ်လုပွဲသို့ တက်ရောက် သွားသည်။

ပွဲအပြီးပြောကြား

ပွဲအပြီးတွင် နှစ်ဖက်အသင်းမှ အုပ်ချုပ်သူနှင့်နည်းပြများအား မြန်မာ့အလင်းက တွေ့ဆုံ၍မေးမြန်းခဲ့သည်။ ရှေးဦးစွာ စွမ်းအင်အသင်းမှ အုပ်ချုပ်သူဦးမြင့်ဌေး(ညွှန်ကြားရေးမှူး၊ကမ်းလွန်)အား မေးမြန်းရာ"ယခုကဲ့သို့ အနိုင်ရရှိပြီးဗိုလ်လုပွဲတက်ရောက်နိုင်ခြင်းကြောင့် ဝမ်းသာကျေနပ်မိပါကြောင်း၊ မိမိတို့စွမ်းအင်အသင်းအနေဖြင့် ၂၀၀၃-၂၀၀၄ခုနှစ်ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်) ပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သည့်အတွက် ယခုပြိုင်ပွဲတွင်လည်း ချန်ပီယံဆိုသည့် ဂုဏ်ကိုထိန်းနိုင်ရန်ကစားသမားများ အထူးကြိုးစားကစားခဲ့ကြောင်း၊ ကစားသမားများ၏ကြိုးစားအားထုတ်မှုနှင့် အောင်မြင်မှုအတွက် ဂုဏ်ယူပါကြောင်း၊ ဗိုလ်လုပွဲတွင်လည်း အနိုင်ရရှိအောင် အကောင်းဆုံးကြိုးစားကစားကြမည်ဖြစ်ကြောင်း၊ ယနေ့ပွဲတွင်နှစ်သင်းစလုံးကြိုးစားကစားခဲ့ကြောင်း၊ ရရှိသည့်အခွင့်အရေးကို အသုံးချနိုင်ခဲ့သည့် အတွက်မိမိတို့ အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း"ပြောကြားသည်။

ဆက်လက်၍ စွမ်းအင်အသင်း နည်းပြဦးမျိုးဝင်းအား မေးမြန်းရာ "မိမိတို့ ကစားသမားများ ကြိုးစားကစားခဲ့ကြကြောင်း၊ သို့သော် တစ်ပွဲနှင့်တစ်ပွဲရက်နီးကပ်နေသည့်အတွက် ကစားသမားများပင်ပန်းပြီး ပွဲပန်းသည့်ဒဏ်ကိုခံကြရကြောင်း၊မိမိတို့အသင်းမှ အားထားရသည့် ကစားသမားနှစ်ဦးကို တစ်ဖက်အသင်းက ပိတ်ဆို့ထားသည့် အတွက် ဂိုးရရှိရေးအခက်အခဲရှိခဲ့ကြောင်း၊ ချေပဂိုးပြန်ပေးလိုက်ရပြီးနောက် မိမိတို့ကစားကွက်ကိုပြန်လည်ပြင်ဆင်ခဲ့ကြောင်း၊ ဒုတိယပိုင်း၌ ဘယ်ညာတောင်ပံများကို ဘောလုံးများများဖြန့်ကာ တောင်ပံတိုက်စစ်ဖြင့် ကစားမှသာ ဂိုးထပ်မံရရှိခဲ့ကြောင်း၊ ယခင်ပွဲများ၌ ကစားခဲ့သည့် ၄-၁-၃-၂ပုံစံလူနေရာချထားမှုအတိုင်းသာကစားခဲ့ကြောင်း၊ ဗိုလ်လုပွဲ၌ ဘဏ္ဍာ/အခွန်အသင်းနှင့် ဆုံတွေ့ရမည်ဖြစ်ရာ နှစ်ကြိမ်ဆုံတွေ့ခဲ့ပြီး မိမိတို့အနိုင်ရရှိထားသဖြင့် ကစားကွက်အထူးကြိုတင်ပြင်ဆင်နေရန်မလိုပါကြောင်း၊ ယခင်ပွဲများ၌ ဆုံတွေ့ခဲ့သည့်အတိုင်းအကောင်းဆုံးကြိုးစားပြီးအနိုင်ရဗိုလ်စွဲအောင် ယှဉ်ပြိုင်သွားမည်ဖြစ်ပါကြောင်း"ပြောကြားသည်။

ဆက်လက်၍ပြည်ထဲရေးအသင်း အုပ်ချုပ်သူ ဒုတိယရဲမှူးကြီး ခင်ထွန်းအား မေးမြန်းရာ "မိမိတို့ပေးလိုက်ရသောဂိုးများသည် မိမိတို့ နောက်တန်းလူများ၏ အမှားမှတစ်ဆင့် ပေးလိုက်ရသောဂိုးများဖြစ်ကြောင်း၊ မိမိတို့ကစားသမားများအနေဖြင့် ကွာတားဖိုင်နယ်ပွဲစဉ်၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အချိန်ပိုအပါအဝင် မိနစ် ၁၂၀လုံးလုံး ရေကုန်ရေခန်းကစားခဲ့ရပြီး ပယ်နယ်တီ ကိုးလုံးအထိကန်သွင်းမှ အနိုင်ရရှိခဲ့ခြင်းဖြစ်၍ ပွဲအလွန်ပန်းခဲ့ကြောင်း၊ ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်ကြား၌ တစ်ရက်သာနားခဲ့ရကြောင်း၊မိမိတို့၏ အားထားရသော ကစားသမားတစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး လူစားလဲလိုက်ရသည်မှာလည်း နောက်တန်းအားနည်းခဲ့ရကြောင်း၊ ယခုပွဲမှ အမှားများကို သင်ခန်းစာယူပြီး နောက်လာမည့်ပြိုင်ပွဲများ၌ အကောင်းဆုံးယှဉ်ပြိုင်သွားမည်ဖြစ်ပါကြောင်း" ပြောကြားသွားသည်။

ဗိုလ်လုပွဲ

ဇူလိုင် ၁၂ရက် ညနေ၃နာရီခွဲတွင် လှုင်ယဉ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

☆ ကျောဖုံးမှ

အကြိုဗိုလ်လုပွဲစဉ်များကို ဒီဇင်ဘာ ၂၉ရက်နှင့် ၃၀ရက်တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ရက်နှင့် ၃ရက်တွင် လည်းကောင်း အဝေးကွင်း၊ အိမ်ကွင်း ယှဉ်ပြိုင်ကစား ကြရမည်ဖြစ်သည်။ တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲ ပွဲစဉ်ဇယားမှာ အောက်ပါအတိုင်းဖြစ်သည်။

ပွဲစဉ်	ရက်စွဲ	ယှဉ်ပြိုင်ကစားမည့်အသင်း	ကျင်းပမည့်မြို့
၁	၇-၁၂-၂၀၀၄	စင်ကာပူနှင့်ဗီယက်နမ်	ဟနွိုင်း
၂	၇-၁၂-၂၀၀၄	လာအိုနှင့်အင်ဒိုနီးရှား	ဟနွိုင်း
၃	**၈-၁၂-၂၀၀၄**	**ဖိလစ်ပိုင်နှင့်မြန်မာ**	**ကွာလာလမ်ပူ**
၄	၈-၁၂-၂၀၀၄	အရှေ့တီမောနှင့်မလေးရှား	ကွာလာလမ်ပူ
၅	၉-၁၂-၂၀၀၄	ကမ္ဘောဒီးယားနှင့်ဗီယက်နမ်	ဟနွိုင်း
၆	၉-၁၂-၂၀၀၄	အင်ဒိုနီးရှားနှင့်စင်ကာပူ	ဟနွိုင်း
၇	**၁၀-၁၂-၂၀၀၄**	**ထိုင်းနှင့်မြန်မာ**	**ကွာလာလမ်ပူ**
၈	၁၀-၁၂-၂၀၀၄	မလေးရှားနှင့်ဖိလစ်ပိုင်	ကွာလာလမ်ပူ
၉	၁၁-၁၂-၂၀၀၄	လာအိုနှင့်ကမ္ဘောဒီးယား	ဟနွိုင်း
၁၀	၁၁-၁၂-၂၀၀၄	ဗီယက်နမ်နှင့်အင်ဒိုနီးရှား	ဟနွိုင်း
၁၁	၁၂-၁၂-၂၀၀၄	အရှေ့တီမောနှင့်ထိုင်း	ကွာလာလမ်ပူ
၁၂	**၁၂-၁၂-၂၀၀၄**	**မြန်မာနှင့်မလေးရှား**	**ကွာလာလမ်ပူ**
၁၃	၁၃-၁၂-၂၀၀၄	စင်ကာပူနှင့်လာအို	ဟနွိုင်း
၁၄	၁၃-၁၂-၂၀၀၄	အင်ဒိုနီးရှားနှင့်ကမ္ဘောဒီးယား	ဟနွိုင်း
၁၅	၁၄-၁၂-၂၀၀၄	ဖိလစ်ပိုင်နှင့်အရှေ့တီမော	ကွာလာလမ်ပူ
၁၆	၁၄-၁၂-၂၀၀၄	မလေးရှားနှင့်ထိုင်း	ကွာလာလမ်ပူ
၁၇	၁၅-၁၂-၂၀၀၄	ဗီယက်နမ်နှင့်လာအို	ဟနွိုင်း
၁၈	၁၅-၁၂-၂၀၀၄	ကမ္ဘောဒီးယားနှင့်စင်ကာပူ	ဟနွိုင်း
၁၉	**၁၆-၁၂-၂၀၀၄**	**မြန်မာနှင့်အရှေ့တီမော**	**ကွာလာလမ်ပူ**
၂၀	၁၆-၁၂-၂၀၀၄	ထိုင်းနှင့်ဖိလစ်ပိုင်	ကွာလာလမ်ပူ

(မြန်မာ့အလင်း)

မြန်မာ-ဂျပန်မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဆင်နွှဲရန်ဂျပန်လက်ဝှေ့အဖွဲ့ရောက်ရှိ

ရန်ကုန် ဇူလိုင် ၈

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ T&T Group °က တာဝန်ယူကျင်းပမည့် မြန်မာ-ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကို ဇူလိုင်၁၀ရက်နှင့် ၁၁ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် Mr. Takuya Takamori ခေါင်းဆောင်သည့် ဂျပန်ရိုးရာလက်ဝှေ့အဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

ဂျပန်လက်ဝှေ့အဖွဲ့တွင် မန်နေဂျာ Mr. Toshio Fuji Wara၊ လက်ထောက်မန်နေဂျာအဖြစ် Mr. Kenichi Tanaka၊ နည်းပြ အဖြစ် Mr. Mitsuru Miyata၊ လက်ဝှေ့သမားများဖြစ်သည့် Yoshitaro Niimi၊ Akitoshi Tamura၊ Takeharu Yamamoto၊ Seiji Waka Sugiတို့နှင့်အတူ လေ့လာသူနှစ်ဦး စုစုပေါင်း၁၀ဦး လိုက်ပါလာကြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာ့အလင်းက တွေ့ဆုံ မေးမြန်းရာ အဖွဲ့ခေါင်းဆောင် Mr. Takuya Takamori°°က "မိမိဗန်ကောက်ကို ကြိုက်သလို မြန်မာပြည်ကိုလည်း ကြိုက်ပါကြောင်း၊ မိမိတို့အဖွဲ့ ရှုံးရှုံး နိုင်နိုင် မြန်မာ-ဂျပန်ရိုးရာလက်ဝှေ့ပြိုင်ပွဲကို အထူးအားပေးရန် စီစဉ်ထားကြောင်း"ပြောကြားသွားသည်။

မြန်မာ-ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် မြန်မာပြည်ချန်ပီယံ ရွှေဆိုင်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် နီအေးမီးစ်ကလည်း "မိမိပြိုင်ဘက်ကို အနိုင်ထိုးရန်အတွက် လေ့ကျင့်ခဲ့ကြောင်း၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယခုမှ ပထမဦးဆုံး ထိုးသတ်မှာဖြစ်ကြောင်း၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဗီဒီယိုတိပ်ခွေများကြည့်ကာ လေ့လာပြီး လေ့ကျင့်ထားကြောင်း" ပြောကြားသွားသည်။

အေးဗိုလ်စိန်နှင့်ယှဉ်ပြိုင်ထိုးသတ်မည့် ဂျပန်လက်ဝှေ့ကျော် တာမူရာက ပြောကြားရာတွင် "မိမိ ပထမဆုံးအကြိမ် နိုင်ငံတကာပြိုင်ပွဲထိုးခြင်းဖြစ်ကြောင်း၊ မိမိဒဏ်ရာရရင်ရပါစေ ကြိုးစားယှဉ်ပြိုင်သွားမှာဖြစ်ကြောင်း" ပြောကြားသွားသည်။

မြန်မာနိုင်ငံမှ ရှုံးပွဲမရှိသေးသည့် နိုင်းဝမ်းလေးနှင့် ယှဉ်ပြိုင်မည့် ဂျပန်လက်ဝှေ့သမားယာမာမိုတိုက ပြောကြားရာတွင် "မိမိနိုင်ငံတကာပြိုင်ပွဲ ပထမဦးဆုံးထိုးသည့် ပွဲဖြစ်ကြောင်း၊ မိမိအတွက်အန္တရာယ်ရှိနိုင်သော်လည်း အတွေ့အကြုံကောင်းတစ်ခု ရရှိမှာဖြစ်ကြောင်း၊ မိမိပြိုင်ဘက်က မိမိထက် ခွန်အားဗလရှိသော်လည်း ကြိုးစားယှဉ်ပြိုင်သွားမှာဖြစ်ကြောင်း၊ အနိုင်ရရန် အထူးကြိုးစားမှာဖြစ်ပြီး မြန်မာ့လက်ဝှေ့အကြောင်း ဗီဒီယိုတိပ်ခွေများ လေ့လာ၍ ပြင်ဆင်ခဲ့ကြောင်း" ပြောကြားသွားသည်။

မြန်မာမှ နာမည်ကြီး ဝင်းထွန်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဂျပန်လက်ဝှေ့ကျော်ဝါကာဆူဂီက ပြောကြားရာတွင် "မိမိ ယခုပြိုင်ပွဲသည် နိုင်ငံတကာပြိုင်ပွဲတွင် ပထမဆုံး ထိုးဖူးခြင်း ဖြစ်ကြောင်း၊ အကောင်းဆုံးဖြစ်အောင် ကြိုတင်စီစဉ်ထားကြောင်း၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲအကြောင်း ဗီဒီယိုတိတ်ခွေကြည့်ပြီး လေ့ကျင့်ပြင်ဆင်ခဲ့ကြောင်း"ပြောကြားသွားသည်။

(မြန်မာ့အလင်း)

မြန်မာ-ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ယှဉ်ပြိုင်မည့် ဂျပန်လက်ဝှေ့အဖွဲ့ (ဝဲမှယာ)ဝါကာဆူဂီ၊ ယာမာမိုတို၊ တာမူရာနှင့် နီအေးမီးစ်တို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။

(မြန်မာ့အလင်း)

အမျိုးသမီးရေးရာအဖွဲ့ချုပ် သိကောင်းစရာ နယ်စပ်/စည်ပင်ဝန်ကြီးဌာန၌ ဟောပြော

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ သိကောင်းစရာဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ဗိုလ်တထောင်မြို့နယ် သံလျက်စွန်းလမ်း အမှတ် ၂၄၅ ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာ ဒေါ်စန်းရွှေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီးဒေါ်ကျင်ခိုင်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာန အမျိုးသမီးဝန်ထမ်းများ၊ မိသားစုဝင်များ စုစုပေါင်း အင်အား ၅၂၂ဦး တက်ရောက်ကြသည်။

ရည်ရွယ်ချက်

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်(၇)ရပ်နှင့် လုပ်ငန်းအဖွဲ့ (၁၆)ခု၏ လုပ်ငန်းတာဝန်များအဆင့်ဆင့်ဖွဲ့စည်းပုံများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သောရည်ရွယ်ချက်များအောင်မြင်ရေးအတွက် ဇာတိမာန်ထက်သန်သောမြန်မာအမျိုးသမီးများ၊ ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အားမာန်ပြည့်ဝသော မြန်မာ အမျိုးသမီးများ ပေါ်ထွန်းရေးကို မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဟောပြောပွဲအပြီးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး၏ဇနီး တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ကျင်ခိုင်ကမြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့အား ဝန်ကြီးဌာန၏ အထိမ်းအမှတ်လက်ဆောင်ပေးအပ်ခဲ့ကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး အုတ်ဖိုမြို့နယ်တွင်သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၈

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် ယမန်နေ့နံနက် ၇ နာရီခွဲက အုတ်ဖိုမြို့နယ် ပဲခူးရိုးမတောင် ခြေဝိုင်းကျေးရွာအနီး ဂမုန်းဆည်ရေလွှတ်တံခါး(၃)နှင့် မြို့လည်ချောင်းအကြားကွက်လပ်၌ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ အုတ်ဖိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်မြနှင့် အဖွဲ့ဝင်များ၊ အုတ်ဖိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ၊ ဆရာ/ဆရာမများ၊ ကျောင်းသားကျောင်းသူများ ၅၀၀ ကျော်တို့သည် အုတ်ဖိုမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ထွန်းကြည် ခေါင်းဆောင်သော သစ်တောဝန်ထမ်းများနှင့်အတူ ပျဉ်းကတိုး၊ သစ်ဆိမ့်၊ မယ်ဇလီ၊ စွယ်တော်၊ စိန်ပန်းကြီး စသည့်အပင် ၁၀၀၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Robin မိသားစုတွေ့ဆုံဆွေးနွေးပွဲကျင်းပ အရောင်းမြှင့်တင်ရေးခရီးစဉ်ရှင်းလင်း

ရန်ကုန် ဇူလိုင် ၈

Fuji Heavy Industries (S'pore)နှင့် Twin Star Co., Ltd. တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် Robin မိသားစု တွေ့ဆုံ ဆွေးနွေးပွဲနှင့် Malaysia Incentive Trip လိုက်ပါခွင့်ရရှိသူရွေးချယ်ပွဲ အခမ်းအနားကို ဇူလိုင် ၆ ရက်က ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ Grand Plaza Park Royal ဟိုတယ်ခန်းမ၌ ကျင်းပသည်။

နှုတ်ခွန်းဆက်

ရှေးဦးစွာ Twin Star Co. Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးလင်းကြည်နှင့် Fuji Heavy Industries (S'pore) မှ လက်ထောက်ဈေးကွက်မန်နေဂျာ Mr. Eddy Yap တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး Twin Star Co. Ltd. မှ ဈေးကွက်မန်နေဂျာ ဦးဉာဏ်ထွန်းက Twin Star Co. Ltd. ၏ လုပ်ငန်းစဉ်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍မန်နေဂျင်းဒါရိုက်တာ ဦးလင်းကြည်က မလေးရှား နိုင်ငံသို့ အရောင်းမြှင့်တင်ရေး ခရီးစဉ် ရွေးချယ်မှု အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး Fuji Heavy Industries (S'pore)မှ မန်နေဂျင်း ဒါရိုက်တာ Mr. Akashi က နှုတ်ခွန်းဆက်စကားပြောကြားကာ မလေးရှားနိုင်ငံသို့ အရောင်းမြှင့်တင်ရေး လေ့လာရေးခရီးစဉ် ရွေးချယ်ခံသူများစာရင်းကို ကြေညာသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ Robin အပိုပစ္စည်းများ အထူးရောင်းချမှုအဖြစ် Ey Series အင်ဂျင်များ အရောင်းမြှင့်တင်ရေးအစီအစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အရောင်းကိုယ်စားလှယ်များ၏ သိလိုသည်များ မေးမြန်းဆွေးနွေးမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး Twin Star Co, Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးလင်းကြည်က နိဂုံးချုပ်စကား ပြောကြားသည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

၈-၇-၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ ၁၆၊ ကော်လံ ၃၊ စာကြောင်းရေ ၆တွင် "၅၆၆၉၅ မိုင်" ဟူ၍ ပြင်ဆင်ဖတ်ရှုပါရန်။

ချမ်းမြေ့သာစည်ကျောင်း စတုတ္ထအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၈

ဆရာတော်အရှင်အဂ္ဂဉာဏ (ချမ်းမြေ့) သာသနဓဇဓမ္မာစရိယ တည်ထောင်တော်မူသော မြောင်းမြကြိုးတံတားအနီး ချမ်းမြေ့သာစည်ကျောင်း စတုတ္ထအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၁ ရက် (ဒုတိယဝါဆိုလပြည့်နေ့) ညနေ ၃ နာရီ၌ ကျင်းပမည်ဖြစ်ရာ အမှူးဆောင်အဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အနုမောဒနာတရား ကြွရောက်နာကြားကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

သစ္စာတရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ(သာသနဓဇဓမ္မာစရိယ)သည် ရန်ကုန်တိုင်း သန်လျင်မြို့ အမှတ် ၂၄ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ ၁၂၆၁ ဇူလိုင်၁၁ ရက် (ပထမဝါဆိုလပြည့်ကျော် ၁၀ရက်နေ့)တွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



အရောင်းဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ခန့်ထားရန်)

ရွှေသဇင်ကုမ္ပဏီ ပီနန်အိတ်ခွံများ ဖြန့်ချိရောင်းချရန်အတွက် အရောင်းလုပ်ငန်းတွင် စိတ်ဝင်စားသူ ဘွဲ့ရ အမျိုးသား၊ အမျိုးသမီးများအလိုရှိပါသည်။ အသက်(၃၅)နှစ်ထက် မကျော်စေရပါ။

ဘုရင့်နောင်ပွဲရုံတန်းတွင် အလုပ်ဆင်းရပါမည်။ ကိုယ်တိုင်ရေးလျှောက်လွှာကို အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်ပူးတွဲ၍ ယနေ့မှ ခုနစ်ရက်အတွင်း ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗဟိုစည်ရိပ်သာ အမှတ် ၁၇/၁၈ ရွှေသဇင် ကုမ္ပဏီရုံးချုပ်တွင် လူကိုယ်တိုင်လာရောက်တင်သွင်းနိုင်ပါသည်။

ဇူလိုင် ၇ ရက်က ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်းကောင်စီ ကတိသစ္စာခံယူပွဲ အခမ်းအနားကို ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရင်နွဲ့ အမှာစကား ပြောကြားစဉ်။(က-ပ)

လုံးချင်းအိမ်ရောင်းမည်

စမ်းချောင်း၊ ဓမ္မိကဝတီလမ်း၊ ၂၅ပေX ပေ၅၀၊ BN-နှစ်ထပ်၊ အိပ်ခန်းသုံးခန်း၊ A/C-နှစ်လုံး၊ ဖုန်းပါ။ ရေ(အဝီစိ+ စည်ပင်)၊ ဘိုးဘွားပိုင်မြေ (အမည်ပေါက်)၊ (လက်ရှိပိုင်ရှင်ကိုယ်တိုင်နေ)

ဆက်သွယ်ရန် ဖုန်း-525103

ကျေးလက်သတင်းနှင့် မြင်ကွင်း

တာချီလိတ်မြို့နယ် တာလေမြို့ ရန်ကင်း(၁)ကျေးရွာအုပ်စုတွင် ရွာဝံကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကို ဇွန် ၁၇ ရက်က တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးစိုးစိုးနှင့် ရန်ကင်း(၁)ကျေးရွာဥက္ကဋ္ဌဦးအားခေါ့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ငန်းစပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသစ်ဖွင့်

ပျဉ်းမနား ဇွန် ၂၈

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ငန်းစပ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက ကျင်းပရာ ဗိုလ်မှူးကြီး ဝင်းမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်လွင်၊ မြို့နယ်ပညာရေးမှူးဒေါ်ခင်ရှိန်၊ ကျောင်းအုပ်ဆရာကြီးဦးညွန့်ရွှေနှင့် ဆရာ ဆရာမများ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ဗိုလ်မှူးကြီးဝင်းမြင့်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ရှိန်တို့က အမှတ်(၁၁) အခြေခံပညာအလယ်တန်းကျောင်းသစ်(ငန်းစပ်)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝ၉၉)**



တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကေတုမတီမြို့သစ်ရှိကျေးလက် စေတနာဆေးပေးခန်းနှင့် သားဖွားခန်းတွင် နှစ်လက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှုကို ဇွန်၄ ရက်က အမှုဆောင်အရာရှိ ဦးကိုကိုနိုင်၊ အင်ဂျင်နီယာမှူး ဦးဌေးညွန့်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ကောင်ဂျာယာန်ကျေးရွာ၌ ကျေးလက်စက်ရေတွင်းတူး

ဇန်းမော် ဇွန် ၂၂

ကျေးလက်ဒေသတွင် နေထိုင်သော ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကောင်ဂျာယာန် ကျေးရွာတွင် ဇွန်၆ ရက်က ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင်နှစ်လက်မ စက်ရေတွင်းတူးဖော်မှုနှင့် အုတ်ရေကန် တည်ဆောက်မှုကို ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံများက ကြီးကြပ်ဆောင်ရွက်ကြ သည်။

အဆိုပါ စက်ရေတွင်းကို ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၈၆၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

ဆောင်ရွက်

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် ဇွန် ၁၉ ရက်က မိုးကောင်းမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မိုးကောင်းခန်းမဘေး ရေနုတ်မြောင်းတူးဖော်ရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်က ကြီးကြပ် ဆောင်ရွက်ခဲ့စဉ်။

(မြို့နယ်စည်ပင်)

လက်ပံတန်းစီတုံးကျေးရွာ၌ မိုးရာသီသစ်ပင်စိုက်ပျိုး

လက်ပံတန်း ဇူလိုင် ၆

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင်လက်ပံတန်းမြို့နယ်သစ်တောဦးစီးဌာနမှ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပွဲကို ဇူလိုင် ၅ရက်က ရေငံကျေးရွာအုပ်စု စီတုံးကျေးရွာ ညောင်ပင်ဇင်းကြိုးဝိုင်း အကွက်အမှတ် (၅၆)အနီး၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါသစ်ပင်စိုက်ပွဲသို့ သာယာဝတီခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သန်း၊ သာယာဝတီခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် လက်ပံတန်းမြို့နယ်သစ်တောဦးစီးအရာရှိဦးသန့်ဇင်တို့ ဦးဆောင်၍ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများစုပေါင်း၍ မဲဇလီပျိုးပင်ပေါင်း ၆၀၀၀ကျော်ကို စုပေါင်းစိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

တန့်ဆည်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

တန့်ဆည် ဇွန် ၂၅

တန့်ဆည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူးပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁၂ရက် နံနက် ၆နာရီက တန့်ဆည်-ရေဦးကားလမ်းမကြီးဝဲယာတစ်လျှောက်၌ ကျင်းပရာ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ တနယ်၊ ခပေါင်းကြိုင်၊ စိမ်းစားနှင့် ချောင်းရိုးကျေးရွာများမှ ပြည်သူများ အင်အား ၈၀၀ကျော်တို့သည် မန်ကျည်းနှင့် တမာပျိုးပင်ပေါင်း နှစ်ထောင်ကျော်ကို စိုက်ပျိုးကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအေးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပါဝင်စိုက်ပျိုးပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမြတ်စိုးနှင့်အဖွဲ့ ဇွန်၁၀ရက် နံနက်က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကတ္တရာခင်းမည့် ချောင်းတွင်းလမ်းမကြီးမှ ချောင်းတွင်း ရပ်ကွက် အဝင် လမ်း ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကြစဉ်။ (၁၅၈)

ငှက်ဖျားရောဂါ နှိမ်နင်းကာကွယ်ပါ

၁။ ငှက်ဖျားရောဂါသည် ငှက်ဖျားရောဂါပိုးသယ်ဆောင်သော ခြင်ကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားပါသည်။ ငှက်ဖျားပိုးသယ်ဆောင်သော ခြင်သည် ညအခါများတွင် ကိုက်လေ့ရှိသဖြင့် ညဘက်တွင် ခြင်ကိုက်ခံရပါက ငှက်ဖျားရောဂါ ဖြစ်ပွားနိုင်သည်။

၂။ ငှက်ဖျားရောဂါသည် အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပြီး၊ ငှက်ဖျားရောဂါ ကင်းစင်သော ဒေသများမှ ငှက်ဖျားရောဂါ ထူထပ်သော ဒေသများသို့ သွားရောက် နေထိုင်အလုပ်လုပ်ကိုင်သူများတွင် ရောဂါပိုမိုဖြစ်ပွားလွယ်ပြီး ဖြစ်ပွားပါက ရောဂါပြင်းထန်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများတွင် ဖြစ်ပွားပါကလည်း ရောဂါပြင်းထန်တတ်ပါသည်။

၃။ ငှက်ဖျားရောဂါလက္ခဏာများမှာ-

(က) ချမ်းတုန်၍ ဖျားခြင်း

(ခ) တက်ဖျားကျဖျားအသွင် ဖျားခြင်း

(ဂ) ရောဂါပြင်းထန်ပါက

- တစ်ပါးသူ၏ အကူအညီမပါဘဲ မထနိုင်၊ မထိုင်နိုင် လမ်းမလျှောက်နိုင်ခြင်း၊
- ဆေးမသောက်နိုင်အောင် အန်ခြင်း၊
- မိန်းခြင်း၊ ဂဏှာမငြိမ်ဖြစ်ခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်းတို့ ဖြစ်နိုင်သည်။

၄။ ငှက်ဖျားရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက ၂၄နာရီအတွင်း နီးစပ်ရာကျန်းမာရေးဌာနသို့ ဆောလျင်စွာ သွားရောက်ပြသ၍ သွေးဖောက်စစ်ဆေးပြီး ဆေးပတ်လည်အောင် ကုသမှုခံယူပါ။

ငှက်ဖျားရောဂါကို စောစီးစွာ ဖော်ထုတ်၍ ထိရောက်စွာ ကုသမှုခံယူခြင်းသည် ဦးနှောက်သို့ ငှက်ဖျားပိုးဝင်ခြင်း အပါအဝင် ပြင်းထန်သော ငှက်ဖျားရောဂါဖြစ်၍ အသက်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်သည်။

၅။ ငှက်ဖျားရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ပါ။

(က) ခြင်ကိုက်ခံရမှုမှ ကာကွယ်ခြင်း

(၁) ခြင်ထောင်ဖြင့်အိပ်ပါ။ ဖြစ်နိုင်လျှင် ဆေးစိမ်ခြင်ထောင်သုံးပါ။

(၂) ညအခါ ခြင်ထောင်အပြင်တွင်ရှိသော အချိန်များတွင် ခြင်ကိုက်မခံရအောင် အဝတ်အစား လုံလုံခြုံခြုံဝတ်ပါ။

(၃) အဝတ်အစားလွတ်သော လက်၊ ခြေ၊ မျက်နှာတို့တွင် ခြင်မကိုက်သည့် ဆေးလိမ်းပါ။

(ခ) ခြင်ကို နှိမ်နင်းခြင်း

(၁) ခြင်မခိုအောင်းရန်အတွက် အိမ်အနီးရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းပါ။

(၂) ရပ်ကွက်၊ ကျေးရွာအနီးရှိ စိမ့်စမ်းချောင်းများကို ရေစီးရေလာကောင်းအောင် လူထုအားဖြင့် စုပေါင်းဆောင်ရွက်ပါ။

(၃) ပိုးလောက်လမ်းစား ငါးများကို ရေတွင်း၊ ရေကန်များတွင် ထည့်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ယူရို-၂၀၀၄ ဘောလုံးပြိုင်ပွဲ ကန့်လန့်ကာချပြီး အံ့ဖွယ်ဖြစ်ရပ်နှင့်မှတ်တမ်းသစ်များ ရေးထိုးနိုင်ခဲ့

သတင်းဆောင်းပါး - ကိုထွေး

ရန်ကုန် ဇူလိုင် ၈

၂၀၀၄ ခုနှစ် ဥရောပဖလားပြိုင်ပွဲ (Euro-2004)ကို ဇွန် ၁၂ရက်မှ ဇူလိုင် ၄ရက်အထိ ပေါ်တူဂီနိုင်ငံ၌ ကျင်းပခဲ့ရာ ပြီးစီးသွားပြီဖြစ်သည်။ ပြိုင်ပွဲတွင် အိမ်ရှင်ပေါ်တူဂီအသင်းနှင့်အတူ ခြေစစ်ပွဲအောင်အသင်း ၁၅သင်း စုစုပေါင်း ၁၆သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ နောက်ဆုံးဗိုလ်လုပွဲတွင် ဂရိအသင်းက အိမ်ရှင်ပေါ်တူဂီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ကျင်းပခဲ့သည့် (၁၁)ကြိမ်တွင် တစ်ကြိမ်မျှ ဗိုလ်စွဲခဲ့ဖူးခြင်းမရှိသော ဂရိအသင်းက ဗိုလ်စွဲသွားခြင်းဖြစ်ရာ ချန်ပီယံအသစ်ပေါ်ထွက်လာခြင်းပင် ဖြစ်သည်။

ဗိုလ်စွဲထား

ဥရောပဖလားဘောလုံးပြိုင်ပွဲကို ၁၉၆၀ပြည့်နှစ်မှ စတင်၍ကျင်းပခဲ့ရာ ယူရို-၂၀၀၄သည် (၁၂)ကြိမ်မြောက် ပြိုင်ပွဲဖြစ်သည်။ ဥရောပဖလား ဘောလုံးပြိုင်ပွဲကို လေးနှစ်လျှင် တစ်ကြိမ်ကျင်းပခဲ့ခြင်းဖြစ်ရာ သက်တမ်းအားဖြင့်

ယူရို-၂၀၀၄တွင် ဂရိအသင်းအား ချန်ပီယံဆုဖလား ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော ဂျာမန် လူမျိုး နည်းပြ အော့တိုရီဟာဂျယ်။ (ဓာတ်ပုံ-အင်တာနက်)

၄၈နှစ်ရှိပြီ ဖြစ်သည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးပြီးလျှင် ဘောလုံးအဆင့်အတန်းအမြင့်မားဆုံးနှင့် ဘောလုံးဝါသနာရှင်များ စိတ်ဝင်စားမှုအများဆုံး ပြိုင်ပွဲဖြစ်သည်။

ဥရောပဖလား ဘောလုံးပြိုင်ပွဲတွင် နှစ်အလိုက် ဗိုလ်စွဲထားကြသော အသင်းများမှာ ၁၉၆၀ပြည့်နှစ် ပြိုင်ပွဲ၌ ဆိုဗီယက်ပြည်ထောင်စု(ရုရှား)၊ ၁၉၆၄ခုနှစ်ပြိုင်ပွဲ၌ စပိန်၊ ၁၉၆၈ခုနှစ်ပြိုင်ပွဲ၌ အီတလီ၊ ၁၉၇၂ခုနှစ် ပြိုင်ပွဲ၌ ဂျာမနီ၊ ၁၉၇၆ခုနှစ်ပြိုင်ပွဲ၌ ချက်ကိုဆလိုဗေးကီးယား၊ ၁၉၈၀ ပြည့်နှစ်ပြိုင်ပွဲ၌ ဂျာမနီ၊ ၁၉၈၄ခုနှစ်ပြိုင်ပွဲ၌ ပြင်သစ်၊ ၁၉၈၈ခုနှစ်ပြိုင်ပွဲ၌ ဟော်လန်(နယ်သာလန်)၊ ၁၉၉၂ ခုနှစ်ပြိုင်ပွဲ၌ ဒိန်းမတ်၊ ၁၉၉၆ခုနှစ်ပြိုင်ပွဲ၌ ဂျာမနီ၊ ၂၀၀၀ပြည့်နှစ်ပြိုင်ပွဲ၌ ပြင်သစ်၊ ၂၀၀၄ခုနှစ်ပြိုင်ပွဲ၌ ဂရိတို့ ဖြစ်ကြသည်။

ဘောလုံးသမား ၃၆၈ ဦး

ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲဝင် အသင်းတစ်သင်းလျှင် ဘောလုံးသမား ၂၃ဦးပါဝင်ခဲ့ကြသည်ဖြစ်ရာ စုစုပေါင်း ဘောလုံးသမား ၃၆၈ဦးပါဝင်သော ပြိုင်ပွဲကြီးတစ်ခုဖြစ်သည်။ သို့သော် ဘောလုံးသမား ၃၆၈ဦးစလုံး ပါဝင်ကစားခဲ့ကြရသည်မဟုတ်ဘဲ အချို့ဘောလုံးသမားများ အရန်ခုံ၌သာ ပွဲထိုင်ကြည့်ခဲ့ကြရသည်။ တစ်သင်းလျှင် ဂိုးသမား သုံးဦးစီ ပါဝင်သော်လည်း ရုရှားအသင်းမှလွဲလျှင် ကျန်အသင်းများအားလုံး ဂိုးသမားတစ်ဦးတည်းကိုသာ ပွဲထုတ်သွားခဲ့ကြသည်။ ရုရှားအသင်းမှ ဂိုးသမား အိုချင်နီကော့ဗ်သည် ပေါ်တူဂီနှင့်ပွဲတွင် အနီကတ်ပြခံရသဖြင့် ဂရိနှင့်ပွဲတွင် မပါဝင်နိုင်ဘဲ အရန်ဂိုးသမား မာလာဖီယက်ဗ် အစားဝင်ဖမ်းခဲ့သည်။ နာမည်ကြီးဘောလုံးသမားအချို့ပင်လျှင် နည်းပြက ထည့်မသုံး၍ အရန်ခုံ၌သာအချိန်ကုန်ခဲ့သူများရှိသည်။ ဟော်လန်အသင်းမှ ကလွိုက်ဗတ်(ဘာစီလိုနာ)နှင့် ပြင်သစ်အသင်းမှ စတိမာလက်(မာဆေးလ်)တို့ဆိုလျှင် ကမ္ဘာကျော်တိုက်စစ်မှူးများဖြစ်သော်လည်း ယူရို-၂၀၀၄၌ စာရင်းပေါက်ရုံသာပေါက်ပြီး ပါဝင်ကစားရခြင်း မရှိခဲ့ချေ။

ပထမဆုံး

နိုင်ငံတကာဘောလုံးပြိုင်ပွဲများ၌ ပထမဆုံးဖြစ်ရပ်များသည် မှတ်တမ်းတင်သင့်သော အချက်အလက်များပင်ဖြစ်သည်။ ယူရို-၂၀၀၄ပြိုင်ပွဲ၏ ပထမဆုံး ဖြစ်ရပ်များထဲ၌ ပြိုင်ပွဲ၏ ပထမဆုံးဂိုး(အဖွင့်ဂိုး)ကို သွင်းယူနိုင်ခဲ့သူမှာ ဂရိအသင်းမှ ကာရာဂူးနစ်ဖြစ်သည်။ ယူရို-၂၀၀၄ အဖွင့်ပွဲစဉ်ဖြစ်သည့် အိမ်ရှင်ပေါ်တူဂီနှင့် ဂရိပွဲစဉ်တွင် ပွဲစပြီး ၇မိနစ်အကြာ၌ ဂရိအသင်းအတွက် ကာရာဂူးနစ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ကာရာဂူးနစ်သည် ပြိုင်ပွဲအဖွင့်ဂိုး သွင်းယူနိုင်သော်လည်း နောက်ဆုံးဗိုလ်လုပွဲ၌ ပေါ်တူဂီနှင့် ပြန်လည်ဆုံတွေ့သည့်အခါ ပွဲပယ်ခံထားရသဖြင့် မပါဝင်ခဲ့ရပေ။

ပထမဆုံးတာဝန်ထမ်းဆောင်သည့် ကွင်းလယ်ဒိုင်လူကြီးမှာ အီတလီမှ နာမည်ကျော် ဒိုင်လူကြီး ပီယာလူဂီကော်လီနာ ဖြစ်သည်။ ဒိုင်လူကြီးကော်လီနာသည် ယခင်က နိုင်ငံတကာပြိုင်ပွဲများ၌ အဖွင့်ပွဲစဉ်များတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးခြင်းမရှိဘဲ ယူရို-၂၀၀၄အဖွင့်ပွဲစဉ်ဖြစ်သည့် အိမ်ရှင် ပေါ်တူဂီနှင့် ဂရိပွဲကျမှသာ ပထမဆုံးတာဝန်ထမ်းဆောင်ခွင့်ရရှိခြင်း ဖြစ်သည်။ ပထမဆုံး အဝါကတ်ပြခံရသူမှာ ပေါ်တူဂီမှ ကော်စတင်ညာဖြစ်ပြီး ပထမဆုံး အနီကတ်ပြခံရသူမှာ ရုရှားမှ ရှရိနော့ဗ်ဖြစ်သည်။

ယူရို-၂၀၀၄ တွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုများကို ချီးမြှင့်ခဲ့ရာ ပထမဆုံးအကောင်းဆုံးဆုရရှိသူမှာ ဂရိအသင်းမှ ဇာဂိုရာကစ်ဖြစ်သည်။ ပထမဆုံးပယ်နယ်တီလွဲသူမှာ အင်္ဂလန်မှ ဒေးဗစ်ဘက်ခမ်းဖြစ်ပြီး ပထမဆုံး ပယ်နယ်တီ ကာကွယ်ခဲ့သည့် ဂိုးသမားမှာ ပြင်သစ်မှ ဘားသက်ဇ် ဖြစ်သည်။ ပထမဆုံးပယ်နယ်တီကို ဂိုးဝင်အောင်ကန်သွင်းနိုင်သူမှာ ဂရိအသင်းမှ ဘက်ဆီနက်စ်



ယူရို-၂၀၀၄ ပြင်သစ်နှင့် အင်္ဂလန်အသင်းတို့ပွဲတွင် ပယ်နယ်တီပြစ်ဒဏ်ဘောကို ဂိုးရရှိအောင် မကန်သွင်းနိုင်ခဲ့သည့် အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းနှင့် ဂိုးရရှိအောင် ကန်သွင်းနိုင်ခဲ့သည့် ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်း။ (ဓာတ်ပုံ-အင်တာနက်)

ဖြစ်သည်။ ပြင်သစ်အသင်းမှ ဇီဒန်းသည် ပထမဆုံးတစ်ပွဲတည်း နှစ်ဂိုးသွင်းသူဖြစ်ပြီး အလွတ်တည်ကန်ဘောမှ တစ်ဂိုး၊ ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဂိုးသွင်းယူခဲ့ခြင်း ဖြစ်သည်။

တိုက်ဆိုင်မှု

ယူရို-၂၀၀၄ပြိုင်ပွဲသည် ထူးထူးခြားခြားဖြစ်စဉ်များ၊ ထူးထူးခြားခြား တိုက်ဆိုင်မှုများနှင့် ပြည့်နှက်နေခဲ့သည်။ အုပ်စု (ဂ)၏ နောက်ဆုံးပွဲစဉ်ဖြစ်သော ဆွီဒင်နှင့်ဒိန်းမတ်ပွဲတွင် နှစ်ဂိုးစီသရေ ညှိကစားနိုင်သည်ဟု အများက ကြိုတင်ခန့်မှန်းခဲ့ကြရာ ပွဲအပြီးတွင် အမှန်တကယ်ပင် နှစ်ဂိုးစီ သရေကျသွားခဲ့သည်။ အီတလီက ဘူဂေးရီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်သော်လည်း၊ ဆွီဒင်နှင့်ဒိန်းမတ် နှစ်ဂိုးစီ သရေကျသွား၍ အီတလီအသင်း အိမ်ပြန်ခဲ့ရသည်။ အီတလီ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဂိုးသမားဘတ်ဖွန်တို့က ဆွီဒင်နှင့်ဒိန်းမတ်တို့ နှစ်ဂိုးစီသရေ ညှိကစားသည်ဟု စွပ်စွဲပြောဆိုကြသော်လည်း ဆွီဒင်နှင့် ဒိန်းမတ်တို့က ညှိကစားခြင်းမရှိကြောင်း၊ အမှန်တကယ်ကစားခဲ့ကြောင်း ငြင်းဆိုခဲ့သည်။

ယူရို-၂၀၀၄ ဘောလုံးပြိုင်ပွဲအုပ်စု(ခ)မှ အင်္ဂလန်နှင့် ပြင်သစ်တို့ပွဲတွင် ပယ်နယ်တီပြစ်ဒဏ်ဘောကို အင်္ဂလန် အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်း ဤသို့ကန်သွင်း ခဲ့သော်လည်း ...။ (ဓာတ်ပုံ-အင်တာနက်)

အိမ်ရှင်ပေါ်တူဂီနှင့်ဂရိတို့နောက်ဆုံး ဗိုလ်လုပွဲ၌ ပြန်လည်ဆုံတွေ့ခြင်းမှာလည်း ထူးထူးခြားခြားတိုက်ဆိုင်မှုဟု ဆိုနိုင်သည်။ ယူရို-၂၀၀၄အဖွင့်ပွဲစဉ်၌ အိမ်ရှင် ပေါ်တူဂီနှင့် ဂရိတို့ဆုံတွေ့ခဲ့ရာ ဂရိကနှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဖွင့်ပွဲ၌ တွေ့ခဲ့ကြသော နှစ်သင်း ဗိုလ်လုပွဲ၌ တိုက်တိုက်ဆိုင်ဆိုင်လာဆုံခဲ့ပြီး ဂရိကပင် တစ်ဂိုး-ဂိုးမရှိဖြင့် ထပ်မံအနိုင်ရရှိခဲ့သည်။

ဂရိအသင်းသည် အဖွင့်ပွဲစဉ်၌ အိမ်ရှင်ပေါ်တူဂီကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည့်ပွဲမှလွဲလျှင် ကျန်ငါးပွဲစလုံးတွင်



ယူရို-၂၀၀၄ တွင် ဂိုးအများဆုံးသွင်းယူခဲ့သူ ချက်တိုက်စစ်မှူး မီလန်ဘားရို့စ်၏ ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

တစ်ပွဲလျှင် တစ်ဂိုးနှုန်းသာ သွင်းယူခဲ့သည်။ ပေါ်တူဂီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်သည့်ပွဲတွင် ဒုတိယဂိုးကို ပယ်နယ်တီပြစ်ဒဏ်ဘောမှ သွင်းယူခဲ့ခြင်းဖြစ်ရာ ပွဲကစားနေစဉ်သွင်းယူသည့်ဂိုးမှာ ခြောက်ပွဲစလုံး၌ တစ်ဂိုးစီသာ ရှိခဲ့သည်။ ဂရိအသင်းသည် အုပ်စုပွဲစဉ်၌သာ ဂိုးသွင်းခံခဲ့ရပြီး ကွာတားဖိုင်နယ်မှ ဗိုလ်စွဲသည်အထိ ပေးဂိုးမရှိခဲ့ပေ။

ဂရိအသင်းသည် ကွာတားဖိုင်နယ်၌ ပြင်သစ်အသင်းကို ခေါင်းတိုက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်တွင် ချက်အသင်းကို ခေါင်းတိုက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲတွင် အိမ်ရှင်ပေါ်တူဂီအသင်းကို ခေါင်းတိုက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရခဲ့ခြင်းဖြစ်ရာ ထူးခြားသည့်တိုက်ဆိုင်မှုပင် ဖြစ်သည်။ ဂရိအသင်းက အမြင့်ဘောအသုံးပြု၍ ခေါင်းတိုက်ဂိုး သွင်းလာနိုင်သည်ကို ချက်နှင့်ပေါ်တူဂီနောက်တန်းလူများ ကြိုတင်တွေးဆထားသည့်ကြားက ခေါင်းတိုက်ဂိုးသွင်းယူနိုင်ခဲ့သည်မှာ ပြိုင်ဘက်များအဖို့ အခံရခက်စရာပင်ဖြစ်သည်။

မထင်မှတ်သောရလဒ်

ယူရို-၂၀၀၄ ဘောလုံးပြိုင်ပွဲ၌ မထင်မှတ်သောရလဒ်များပေါ်ထွက်ခဲ့သည်။ ပွဲဦးထွက်၌ ဂရိကအိမ်ရှင်ပေါ်တူဂီကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိလိုက်ခြင်းသည် ဘောလုံးဝါသနာရှင်များ မထင်မှတ်သည့် ရလဒ်ပင်ဖြစ်သည်။ ဂရိအသင်းကို ကွာတားဖိုင်နယ်မတက်ခင်အထိ ဘောလုံးဝါသနာရှင်များ အလေးမထားခဲ့ကြပေ။ လက်ရှိချန်ပီယံ ပြင်သစ်ကို အနိုင်ရပြီးနောက်မှသာ ဂရိအသင်းကို သဘောကျသူများရှိလာခဲ့သည်။ သို့သော် ဂရိကပြင်သစ်ကို တစ်ဂိုး-ဂိုးမရှိ၊ ဂရိကချက်ကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် နိုင်ခဲ့သည့်ပွဲများကိုလည်း မထင်မှတ်သည့် ရလဒ်ဟုပင်ဆိုနိုင်ပေသည်။ ဗိုလ်လုပွဲ၌ ဂရိက အိမ်ရှင်ပေါ်တူဂီကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်ကို မထင်မှတ်သည့်ရလဒ်ဟုမပြောနိုင်ပေ။ ဂရိအသင်း ဗိုလ်လုပွဲတက်ရောက်လာနိုင်ပြီးနောက် ဗိုလ်စွဲသွားနိုင်သည်ဟု ထင်ကြေးပေးသူများလည်း ရှိခဲ့၍ဖြစ်သည်။

အုပ်စု(ဃ)မှ လတ်ဗီးယားက နာမည်ကြီးဂျာမနီကို ဂိုးမရှိသရေ ကစားခဲ့သည်မှာလည်း မထင်မှတ်သောရလဒ်

အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်း ကန်သွင်းသော ပယ်နယ်တီပြစ်ဒဏ်ဘောကို ပြင်သစ် ဂိုးသမား ဖေဘီယန်ဘားသက်ဇ်က ဤသို့ပုတ်ထုတ် ကာကွယ်ခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ပင် ဖြစ်သည်။ ဂျာမနီက လတ်ဗီးယားကို နိုင်မှသာ အုပ်စု တက်ရန်အလားအလာကောင်းမည့် အနေအထားတွင် ဂိုးမရှိ သရေကျခဲ့၍ ဘောလုံးအကဲခတ်များ မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်သွားခဲ့ရသည်။

ဂိုးအများဆုံးသွင်းခဲ့သူများ

ယူရို-၂၀၀၄ ပြိုင်ပွဲတွင် စုစုပေါင်း ၃၁ ပွဲယှဉ်ပြိုင် ကစားခဲ့ရာတွင် ၂၃ ပွဲအနိုင်အရှုံးအဖြေပေါ်ပြီး ရှစ်ပွဲသရေကျခဲ့သည်။ ဂိုးအများဆုံးဖြင့် နိုင်သည့်ပွဲမှာ အုပ်စု(ဂ)မှ ဆွီဒင်ကဘူဂေးရီးယားကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့် ပွဲစဉ် ဖြစ်သည်။ ရှုံးထွက်ပွဲစဉ်များတွင် ပယ်နယ်တီဖြင့် အဆုံးအဖြတ်ယူခဲ့ရသည့် ပွဲနှစ်ပွဲရှိခဲ့ပြီး ပေါ်တူဂီနှင့် အင်္ဂလန်ပွဲ၊ ဆွီဒင်နှင့် ဟော်လန်ပွဲဖြစ်သည်။ ဂရိကချက်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ အချိန်ပိုပထမပိုင်းတွင် ဂိုးသွင်း ယူခဲ့ခြင်းဖြစ်၍ ယူရို-၂၀၀၄၌ငွေဂိုးဖြင့် ပထမဆုံး အနိုင်ရရှိသော အသင်းဖြစ်သွားသည်။

အုပ်စုပွဲစဉ်မှ ဗိုလ်လုပွဲအထိ ၃၁ပွဲ ယှဉ်ပြိုင်ကစား ခဲ့ရာတွင် (ပွဲချိန်ပြင်ပ ပယ်နယ်တီဂိုးများမပါ) စုစုပေါင်း ၇၄ ဂိုးသွင်းယူနိုင်ခဲ့သည်။ တစ်ပွဲလျှင် ပျမ်းမျှ ၂ဒသမ ၄ဂိုးနှုန်းသွင်းယူနိုင်ခဲ့သည်။ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သူမှာ ချက်အသင်းမှ မီလန်ဘားရို့စ်ဖြစ်ပြီး စုစုပေါင်းငါးဂိုး သွင်းယူနိုင်ခဲ့သည်။ ဒုတိယဂိုးအများဆုံးသွင်းခဲ့ကြသူများမှာ ဟော်လန်မှ နစ္စတယ်ရွိုင်းဖြစ်ပြီး လေးဂိုးသွင်းယူခဲ့သည်။ သုံးဂိုးသွင်းပြီး တတိယဂိုးအများဆုံး သွင်းခဲ့ကြသူများမှာ အင်္ဂလန်မှ ဝိန်းရူနီ၊ ဒိန်းမတ်မှ တိုမာဆင်၊ ဂရိမှ အန်ဂျလိုခရစ္စတီးနှင့် ဆွီဒင်မှ ဟင်းနရစ်လာဆင်တို့ဖြစ်ကြသည်။ ပေါ်တူဂီနောက်တန်းလူ အင်ဒရာဒီ ကိုယ့်ဂိုးကိုယ်သွင်းမိ ခဲ့သည်။

မှတ်တမ်းသစ်

ယူရို-၂၀၀၄တွင် မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့ကြသူများ ထဲတွင် ဂရိနည်းပြ အော့တိုရီဟာဂျယ် ရှေ့ဆုံးမှပါဝင်သည်။ နိုင်ငံခြားသား နည်းပြတစ်ဦး တာဝန်ယူသောအသင်းက ဥရောပဖလားပွဲ၌ ပထမဆုံးဗိုလ်စွဲနိုင်သည့် မှတ်တမ်းကို အော့တိုရီဟာဂျယ်က ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ဆွစ်ဇာလန်အသင်းမှ ဘိုလန်သမ်သည် ဥရောပဖလား ဘောလုံး ပြိုင်ပွဲ များ၌ အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သည့် မှတ်တမ်းကို တင်နိုင်ခဲ့သည်။ ပြင်သစ်က ဆွစ်ဇာလန်ကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်သည့်ပွဲတွင် ဆွစ်ဇာလန်တိုက်စစ်မှူး ဘိုလန်သမ်က ၂၆မိနစ်တွင် ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ဘိုလန်သမ်၏ ဂိုးသည် ယူရို-၂၀၀၄၌ ဆွစ်ဇာလန်အသင်း ရရှိသော တစ်လုံးတည်းသော ဂိုးဖြစ်သည်။

ယူရို-၂၀၀၄ အကောင်းဆုံးအသင်း

ယူရို-၂၀၀၄ဘောလုံးပြိုင်ပွဲ၏ ဂိုးအများဆုံးသွင်းသူမှာ ချက်မှ မီလန်ဘားရို့စ် ဖြစ်သော်လည်း အကောင်းဆုံး ဘောလုံးသမားအဖြစ် ရွေးချယ်ခံရသူမှာ ချန်ပီယံ ဂရိ အသင်းမှ အသင်းခေါင်းဆောင် ဇာဂိုရာကစ် ဖြစ်သည်။ ယူရို-၂၀၀၄ပြိုင်ပွဲ၌ ပါဝင်ကစားခဲ့ကြသူများအနက်မှ အကောင်းဆုံး အားကစားသမားများကို ရွေးချယ်ကာ ယူရို-၂၀၀၄ အကောင်းဆုံးအသင်းကို ထုတ်ပြန်လိုက်သည်။

ဥရောပဘောလုံးအဖွဲ့ချုပ်မှ ရွေးချယ်လိုက်သော ယူရို-၂၀၀၄၏ အကောင်းဆုံးအသင်း (UEFA All Star Team)တွင် **(ဂိုး)** ပီဆာချက်(ချက်)နှင့် နီကိုပိုလိုင်ဒစ် (ဂရိ)၊ **(နောက်တန်း)** ဆိုးကမ်းဘဲလ်(အင်္ဂလန်)၊ အက်ရှ်လေကိုးလ်(အင်္ဂလန်)၊ ဒဲလက်စ်(ဂရိ)၊ မဲလ်ဘတ်(ဆွီဒင်)၊ ကာဗယ်ဟို (ပေါ်တူဂီ)၊ ဆီထရိုက်ဒစ်(ဂရိ)၊ ဇမ်ဘရော့တာ (အီတလီ)၊ **(အလယ်တန်း)** မိုက်ကယ် ဘောလက်(ဂျာမနီ)၊ လူးဝစ္စဖီဂို(ပေါ်တူဂီ)၊ ဖရန့်လမ်းပတ်(အင်္ဂလန်)၊ မန်နစ်ချ် (ပေါ်တူဂီ)၊ နက်ဗက်(ချက်)၊ ဇာဂိုရာကစ်(ဂရိ)၊ ဇီဒန်း (ပြင်သစ်)၊ **(ရှေ့တန်း)** မီလန်ဘားရို့စ်(ချက်)၊ အန်ဂျလို ခရစ္စတီး(ဂရိ)၊ ဟင်းနရစ်လာဆင် (ဆွီဒင်)၊ ခရစ္စတီယာနို ရော်နယ်ဒို (ပေါ်တူဂီ)၊ ဝိန်းရူနီ(အင်္ဂလန်)၊ တိုမာဆင် (ဒိန်းမတ်)၊ နစ္စတယ်ရွိုင်း(ဟော်လန်)တို့ ပါဝင်ကြသည်။ ယူရို-၂၀၀၄၏ အကောင်းဆုံးအသင်း(All Star Team)ကို ပရိသတ်များ၏ မဲပေးမှုနှင့် ယူအီးအက်ဖ်အေမှ အဖွဲ့ဝင် ရှစ်ဦးပါဝင်သောနည်းစနစ် လေ့လာရေးအဖွဲ့က ရွေးချယ် ခဲ့ခြင်း ဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာအမျိုးသမီးများနေ့ ပေါင်းတည်မြို့၌ကျင်းပ

ပေါင်းတည် ဇူလိုင် ၈

၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်ခဲ့သည့် မြန်မာအမျိုးသမီးများနေ့ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို အဆိုပါနေ့တွင် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းဝင်း ပြည်သူ့ဆေးရုံဝင်းနှင့် အမှတ်(၉၃) သစ်စက်ဝင်းတို့၌ ကျင်းပရာ ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းအေးနှင့် ဇနီး ဒေါ်သီဂီရွှေ၊ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်၍ ရတနာတန်းဝင် အပင်များနှင့် အရိပ်ရပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းဝင်းများနှင့် ကျေးရွာချင်းဆက် လမ်းများ၌လည်း ကျင်းပကြသည်။

ထို့နောက် ၂၀၀၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နဝရတ်ခန်းမ၌ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်အေးက မြန်မာအမျိုးသမီးများနေ့အကြောင်းကို လည်းကောင်း၊ ယဉ်ကျေးမှုအဖွဲ့ငယ်မှ ဆရာမ ဒေါ်မြင့်စိုးက ယဉ်ကျေးလိမ္မာ အမျိုးသမီးရေးရာကိုလည်းကောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်ရေးအဖွဲ့မှ ဥပဒေအရာရှိ ဒေါ်စန်းစန်းမြင့်က အမျိုးသမီးများရပိုင်ခွင့် အခွင့်အရေးများကိုလည်းကောင်း၊ မြို့နယ်သားဖွားမီးယပ် ဆရာဝန် ဒေါက်တာ မြင့်မြင့်သင်းက အမျိုးသမီးများနှင့်ကျန်းမာရေးအကြောင်းကို လည်းကောင်း ဟောပြောကြပြီး ပေါင်းတည်မြို့နယ်အတွင်းရှိ အမျိုးသမီးငယ် ၁၂ ဦးတို့အား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် မြန်မာအမျိုးသမီးများနေ့ ဟောပြောပွဲနှင့် အမျိုးသမီးအားကစားပြိုင်ပွဲများအဖြစ် ပိုက်ကျော်ခြင်းနှင့် လွန်ဆွဲပြိုင်ပွဲများ၊ မြန်မာ့ရိုးရာမုန့်အရောင်းဆိုင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရသည်။ **(က-ပ)**



တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းလွင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဒေါ်နီနီသွင်တို့ ကြီးကြပ်ကွပ်ကဲ၍ အဖွဲ့ဝင်ဝန်ထမ်းများနှင့် ဇွန် ၂၆ ရက်က တွံတေးမြို့ ဈေးကြီးပတ်လည်ရှိ ရေမြောင်းများအား ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများ တူးဖော် ရှင်းလင်းကြစဉ်။ (၃၈၀)

ပြည်ခရိုင် ပေါက်ခေါင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၈ ရက်က အထက ကျောင်း ရွှေရတုခန်းမ၌ကျင်းပရာ ပဉ္စမတန်းမှ ဆုရကျောင်းသူ မခင်ခင်ဆုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝင်းက ဆုချီးမြှင့်စဉ်။(က-ပ)

ကမ္ဘာ့ရွှေရင်အေး (ရွှေဗျိုင်းနား) ဆရာတော် ဦးဝိစ္ဆာဗလ၏ (၉၈) နှစ်မြောက်မွေးနေ့မင်္ဂလာကျင်းပ

ပြည် ဇူလိုင် ၅

ပဲခူးတိုင်း(အနောက်ခြမ်း) ပြည်မြို့ ရတနာမာန်အောင်တောရ ဦးစီးနာယက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဦးဝိစ္ဆာဗလ၏ သက်တော် (၉၈)နှစ်မြောက် မွေးနေ့မင်္ဂလာပွဲကို ဇူလိုင် ၄ ရက်က ကျင်းပရာ နံနက် ၈ နာရီတွင် စုပေါင်း သိင်္ကန်းဆက်ကပ်ကာ မင်္ဂလာပွဲကျင်းပပြီး ရေစက်ချမင်္ဂလာ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များတက်ရောက်ကြသည်။

ပူဇော်နိုင်

ရေစက်ချအပြီး ဆရာတော်ကြီး ကိုယ်တိုင် ပင့်သံဃာ ၁၀၈ ပါးတို့အား သင်္ကန်းဒွိစုံနှင့် ဝတ္ထုများကို လောင်းလှူရာ ထိုအလှူပွဲ၌ အရဏ်ဆွမ်းကို ဒေါ်မြမြမိသားစုကလည်းကောင်း၊ နေ့ဆွမ်းကို မန္တလေးသိန်းဇော် မိသားစုကလည်းကောင်း၊ ကမ္ဘာ့သာသနာပြု ဦးစိန်သာဗလ၏ အုံ့ဖွယ်မဉ္ဇူသကလာဘမုနိ ဆုတောင်းပြည့်ဘုရားများကို ဆရာတော်ကြီးကိုယ်စား တိုက်အုပ်ဆရာတော်က ကြွရောက်လာသော ဧည့်ပရိသတ်များအား မဲစနစ်ဖြင့် လှူဒါန်းပြီး ဦးစိန်သာဗလ မိသားစုက (၅၉)ကြိမ်မြောက်အဖြစ် ဆရာတော်ကြီးအား သိင်္ကန်းထပ်နှင့် ဝါဆိုသင်္ကန်းများကပ်လှူကြသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ ဘုရားများကို ပူဇော်လိုပါက တိုက်အုပ်ဆရာတော် ဖုန်း ၀၅၃-၂၅၅၅၉ ထံ ပူဇော်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရွှေပြည်တော်ကိန်း အေးငြိမ်းစေမည်

ရန်ကင်း၊ ပြည်သာယာ၊ ရွှေပြည်ဟိန်းကျောင်း၌ တည်ဆောက်ဆဲ ဓမ္မသဘာသိမ်ကျောင်းဆောင်ကြီးတွင် ဖော်ပြပါ ထာဝရကုသိုလ်တော်များ ယူနိုင်ကြရန် နှိုးဆော်ပါသည်။

၁။ အခန်းနံရံကာရံခြင်း	(၁)ခန်း	၃၀၀,၀၀၀ ကျပ်
၂။ ကွန်ကရစ်တိုင်	(၁)တိုင်	၄၀,၀၀၀ ကျပ်
၃။ မျက်နှာကြက်(PPC)	(၁)ကျင်း	၇၀,၀၀၀ ကျပ်
၄။ အလူဇင့်သွပ် (၁၂ပေ)	(၁)ချပ်	၁၀,၀၀၀ ကျပ်
၅။ ကြွေပြားခင်း	(၁)ကျင်း	၄၅,၀၀၀ ကျပ်

ဆက်သွယ်ရန်။ ရွှေပြည်ဟိန်းကျောင်း
ပြည်သာယာ၊ ရန်ကင်း၊ တာမွေလေး
သံလမ်းမှတ်တိုင်အနီး။ ဖုန်း-၅၄၁၄၉၃

ရန်ကုန်တိုင်းစာရင်းရုံး
ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ ဖွင့်လှစ်မည့်
အခြေခံစာရင်းကိုင်သင်တန်း အမှတ်စဉ် (၂၁) တက်ရောက်ရန်
လျှောက်လွှာများခေါ်ယူခြင်း
(Basic Accounting Course For 2004 October Exam:)

၁။	သင်တန်းဖွင့်မည့်ရက်	- ၂-၈-၂၀၀၄
၂။	သင်တန်းဖွင့်လှစ်မည့်နေရာ	- ရန်ကုန်တိုင်းစာရင်းရုံး အမှတ်-၂၂/၃၄ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။
၃။	သင်တန်းချိန်	- တန်းခွဲ(၁)နှင့်(၂) တနင်္လာနေ့မှ သောကြာနေ့အထိ(ရုံးချိန်ပြင်ပ) တန်းခွဲ(၃)နှင့်(၄)စနေ၊တနင်္ဂနွေနေ့
၄။	သင်တန်းကာလ	- (၃) လ
၅။	အနိမ့်ဆုံးပညာအရည်အချင်း	- အခြေခံပညာအထက်တန်း (က)အဆင့်အောင် တက္ကသိုလ်ဝင်တန်းအောင်
၆။	လက်ခံမည့်သင်တန်းသား/သူဦးရေ	- တန်းခွဲ(၁) ခု (၅၇) ဦးစီ
၇။	လျှောက်လွှာစတင်ရောင်းချမည့်ရက်	- ၉-၇-၂၀၀၄
၈။	ဆက်သွယ်စုံစမ်းရန်	- ရန်ကုန်တိုင်းစာရင်းရုံး၊စီမံရေးရာဌာန ဖုန်း-၃၇၁၆၉၇၊ ၃၇၁၅၉၄

(သိန်းထွန်း)
တိုင်းစာရင်းစစ်အရာရှိ။

Lady Crown

(အမျိုးသမီးသီးသန့်)
ကိုယ်ကာယလေ့ကျင့်ရေးခန်းမ
အမှတ်(၉၇)ဒုတိယထပ် မြန်မာ့ဂုဏ်ရည်လမ်း
ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၂၄၄၀၅၂



ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှု အမှတ် ၁၁၂

ဂေါပကအဖွဲ့၊မူတိုင်ဘုရားကျောင်း နှင့်	ဦးအဟုန်
အမှတ် ၈၉/၉၁၊ ဗိုလ်ရွဲလမ်း၊	အုပ်ချုပ်မှုဒါရိုက်တာ
လသာမြို့နယ်၊ ရန်ကုန်မြို့	မြန်မာမြေဆောက်လုပ်ရေးကုမ္ပဏီ
	အမှတ် ၂၉၄/၁၊
	ရွှေတိဂုံဘုရားလမ်း၊
	ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
တရားလို	**တရားပြိုင်**

တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်းဥပဒေ-၈(၁)အရ အထက်ပါအမှုတွင် သက်ဆိုင်သူများအားလုံး သိစေရမည်။

